ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့၊ (10-12-2015) (၈၄၁၀)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ စက်တပ်ဆင်အင်အား ၁၅၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ် တိုးတက်လာခဲ့

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်



နိုင်ငံတော်သမ္မတဦးသိန်းစိန် အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(ဓာတ်ပုံ-ဦးရဲထွဋ်ဖေ့ဘုတ်)

**နေပြည်တော် ဒီဇင်ဘာ ၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်ခဲ့သည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အဆိုပါစီမံကိန်းဧရိယာ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လက်ရှိအချိန်တွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ကိုအခြေခံပြီး နိုင်ငံတော်ပိုင်အခန်းကဏ္ဍများအပြင် ပြည်တွင်း ပြည်ပ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အထက်ပေါင်းလောင်းစီမံကိန်း

"အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကြီးဟာ ချစ်ခြင်းရဲ့အလင်္ကာတွေနဲ့ အမှောင်ခွင်းမယ့် အလင်းရောင်တွေရဲ့ ကဗျာ. . ."ဆိုတဲ့ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ဂုဏ်ပြုသီဆိုတဲ့ တေးသံတွေက ဒီဇင်ဘာလရဲ့နံနက်စောစောမှာ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အနီးဝန်းကျင်နှင့် ရှမ်းတောင်တန်းတစ်ဝိုက်တွင် ပျံ့လွင့်နေသည်။

အဆိုပါစီမံကိန်းကြောင့် ပျဉ်းမနား တောင်ပေါ်ဒေသ၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အစပ်ဖြစ်သည့် တောင်ပေါ်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးများစွာတိုးတက်ကောင်းမွန်လာမည်ဖြစ်သည့်အတွက် အေးချမ်းသည့်ဒဏ်ကိုမမှုဘဲ ပေါင်းလောင်းရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၏ ပျော်ရွှင်နေကြသည့် အပြုံးကိုယ်စီမျက်နှာတို့ကို တွေ့မြင်ရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**



အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ဝေဟင်မှတွေ့ရစဉ်။ (ဓာတ်ပုံ-လျှပ်စစ်)



ကြေးမုံစာတည်းရှုထောင့် — ၁၀-၁၂-၂၀၁၅၊ ကြာသပတေးနေ့

# သာသနာရောင်ဝါလင်း

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာကို နိုင်ငံသားအများစု ကိုးကွယ်ဆည်းကပ်ကြသည်။ ထေရဝါဒဟူသည် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များကို မူလအတိုင်း မတိမ်းမစောင်းဘဲ ပကတိအတိုင်းတည်ရှိနေသော တရားတော်များအတိုင်း ယုံကြည်ကိုးကွယ်ဆည်းကပ်သော ဝါဒဖြစ်သည်။

ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ကိုးကွယ်သည့်နိုင်ငံငါးနိုင်ငံသာရှိသည်။ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့ဖြစ်သည်။ ထိုငါးနိုင်ငံအနက် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို ထွန်းလင်းတောက်ပအောင် အပြည့်အဝကိုးကွယ်ဆည်းကပ်ပွားများအားထုတ်သော နိုင်ငံဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၆၀ ကျော်တွင် ဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်ဆည်းကပ်ကြသည်။ သို့သော် ကိုးကွယ်သောဘာသာတွင် ထေရဝါဒစစ်စစ်နည်းပါးပြီး ထေရဝါဒဗုဒ္ဓဘာသာမှ ခွဲထွက်သွားသည့် ဂိုဏ်းကွဲ အယူအဆများသာဖြစ်သည်။ မြတ်စွာဘုရားရှင် နှုတ်မြွက်ဟောကြားထားသော ဒေသနာများအတိုင်း လက်ခံကျင့်သုံးမှသာလျှင် ထေရဝါဒဗုဒ္ဓဘာသာစစ်ခေါ်ထိုက်၏။

ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရန် ပရိယတ္တိ၊ ပဋိပတ္တိသာသနာများထွန်းကားရန်လိုအပ်သည်။ ပရိယတ္တိသာသနာထွန်းကားရန်အတွက် မြတ်စွာဘုရားဟောကြားခဲ့သော တရားဒေသနာတော်များကို အာဂုံဆောင်ရ၏၊ ပြန့်ပွားရ၏၊ နာကြားရ၏၊ မှတ်သားရ၏၊ လိုက်နာကျင့်ကြံအားထုတ်ရ၏။

ပဋိပတ္တိသာသနာထွန်းကားရန်အတွက် တရားဘာဝနာအားထုတ်ရ၏၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အမှန်ဖြစ်သည့် သစ္စာလေးပါးအမြတ်တရားကို ပိုင်းခြားသိမြင်အောင် အားထုတ်ရ၏၊ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းရာအမှန် ကျင့်ကြံပွားများအားထုတ်ရ၏၊ ထိုသို့အားထုတ်နိုင်ရန်အတွက် ဆိတ်ငြိမ်ရာအရပ်အမျိုးမျိုးတို့တွင် ယောဂီ၊ ရဟန်းတို့က တရားဘာဝနာအားထုတ်ကြ၏။ မြန်မာနိုင်ငံတွင် တရားရိပ်သာပေါင်းမြောက်မြားစွာရှိပြီး တရားအားထုတ်သူပေါင်း ထောင်သောင်းမကရှိ၏။

မြန်မာနိုင်ငံတွင် ရဟန်းသာမဏေပေါင်း ငါးသိန်းခွဲကျော်ရှိပြီး သီလရှင်ပေါင်း ငါးသောင်းခွဲကျော်ရှိသည်။ လူပုဂ္ဂိုလ်များမပါ ပရိယတ္တိကြိုးပမ်းအားထုတ်ကြကုန်သော ရဟန်းသာမဏေသီလရှင်များသည် ထေရဝါဒဗုဒ္ဓဘာသာတရားတော်များနှင့်အညီ ကျင့်ကြံအားထုတ်လျက်ရှိရာ နှစ်စဉ်သာသနာ့အာဇာနည်များ ပေါ်ထွန်းလျက်ရှိသည်။ တစ်နိုင်ငံလုံးရှိ ပရိယတ္တိစာသင်တိုက် ၁၂၃၈ ကျောင်းမှ သာသနာ့အာဇာနည်များပေါ်ထွန်းနေသည်မှာ မြန်မာနိုင်ငံ၏ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပနေသောကြောင့်ဖြစ်သည်။

မြတ်စွာဘုရားရှင် ဟောကြားထားသော တရားအနှစ်ချုပ်တွင် ရှောင်ရှားရန်မှာ အစွန်းနှစ်ပါးဖြစ်သည်။ ကျင့်ကြံအားထုတ်ရန်မှာ သစ္စာလေးပါးဖြစ်သည်။ သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်ခဲ့သည့် အရှင်ကောဏ္ဍညလျှောက်ထားချက်သည် မှတ်သားဖွယ်ဖြစ်သည်။ "သစ္စာလေးပါးကို ကိုယ်တိုင်မြင်သည်။ ကိုယ်တိုင်မြင်ရာ၌ အဝေးကမြင်ခြင်းမျိုးမဟုတ်၊ အနားရောက်လာသော မြင်ခြင်းမျိုးဖြစ်၏။ မြင်ရုံသာမဟုတ် သိခြင်းအားဖြင့်မြင်၏။ ထက်ဝန်းကျင်၌ စေ့စပ်သေချာစွာ ထွန်းပေါက်ခြင်းသဘောဖြင့်မြင်၏။"

"သစ္စာလေးပါးနှင့်ပတ်သက်ပြီး ပြောစရာဟူ၍ဘာမျှမရှိတော့။ သစ္စာလေးပါးနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ရဲရဲရင့်ရင့် ပြောဆိုနိုင်၏။ သူများပြော၍သိခြင်းမျိုးမဟုတ်၊ ကိုယ်တိုင်ကိုယ်ကျ သိမြင်ခြင်းဖြစ်၏"ဟု ဆိုထားသည်။ မြတ်ဗုဒ္ဓ၏တရားစစ်၊ တရားမှန်မှာ ထိုသို့ရှင်သန်ခိုင်မာ၏။ သစ္စာလေးပါးကို ပိုင်းခြားသိမြင်ကြကုန်သော ရဟန်းရှင်လူတို့သည် သံသရာဝဋ်ဆင်းရဲအပေါင်းမှ အပြီးတိုင်ချုပ်ငြိမ်းစေသည်။ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာမြတ်ကို ရရှိပိုင်ဆိုင်နိုင်သည်။

ထိုသစ္စာလေးပါးမြတ်တရားသည် ယခုဘုရားရှင်သာ ဟောကြားထားသော တရားတော်မဟုတ်၊ ကမ္ဘာအဆက်ဆက် ဘုရားရှင်တို့ဟောကြားထားသော ချမ်းသာအစစ်တရားတော်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန်အတွက် ထေရဝါဒဗုဒ္ဓဒေသနာကို ကျင့်ကြံအားထုတ် ထိန်းသိမ်းစောင့်ရှောက်အပ်သည်။ ။

## ရှေးဟောင်းသမိုင်းအမွေအနှစ်ပစ္စည်းများနှင့် ခေတ်အဆက်ဆက်တိုးတက်လာမှုများကို မန္တလေးယဉ်ကျေးမှုပြတိုက်တွင် လေ့လာနိုင်

**မန္တလေး ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ၏ခေတ်အဆက်ဆက်မှအသုံးအဆောင်များ၊ အဖိုးမဖြတ်နိုင်သောသမိုင်းအမွေအနှစ်ပစ္စည်းများကို မန္တလေးမြို့ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်(မန္တလေး)တွင် လေ့လာနိုင်ကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှုပြတိုက်တွင် သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ပြီးခေတ်ပြခန်း၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ ပေ၊ ပုရပိုက်ဖတ်ခန်း၊ ယဉ်ကျေးမှု၊ အနုပညာပြခန်း၊ အထွေထွေစာဖတ်ခန်းတို့ကို ခေတ်မီသပ်ရပ်စွာဖြင့် စနစ်တကျပြသထားသည်ဖြစ်ရာ လူငယ်၊ လူကြီးများ သွားရောက်လေ့လာခြင်းဖြင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာမှုများကို အလွယ်တကူလေ့လာနိုင်မည်ဖြစ်သည်။

ပြတိုက်ဝင်ကြေးကို လူကြီး ကျပ် ၅၀၀၊ ကလေး ကျပ် ၂၅၀ နှင့် နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားပြီး ကျောင်းသားများကို အခမဲ့ကြည့်ရှုခွင့်ပေးထားသည်။ ယဉ်ကျေးမှုပြတိုက်တွင် ရှေးခေတ်၏ လူနေမှုပုံစံများနှင့် ဗုဒ္ဓယဉ်ကျေးမှုအနုပညာပြခန်းတွင် ၁၆ ရာစုခေတ်မှ ရှေးဟောင်းစာတိုက်သေတ္တာ၊ ၁၉ရာစုမှ တံခါးရွက်၊ စေတီပုံစာတိုက်၊ ဘုရားဆင်းတုတော်၊ ရတနာပုံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ပုဂံခေတ်မှ အုတ်ခွက်ဘုရားများကိုလေ့လာနိုင်မည်ဖြစ်သည်။

မန္တလေးပြတိုက်တွင် ရတနာပုံခေတ်ပန်းချီလက်ရာ၊ တော်ဝင်မိသားစုပုံ၊ မောက်တို၊ ဒိုင်း၊ ကျောက်ထည့်သေတ္တာ၊ ဆေးထည့်သေတ္တာ၊ ငွေဒိုင်းခွက်၊ ရတနာပုံခေတ်ငွေကြေး၊ ဒင်္ဂါးများ၊ ယုန်တံဆိပ်၊ ခဲဒင်္ဂါး၊ ဒေါင်းဒင်္ဂါး၊ ကျောက်မြူတာတို့ကိုလေ့လာနိုင်သည်။ ရတနာပုံခေတ်ပြခန်းတွင် ကြေးဖလား၊ ကျင်ကိုင်နေပုံရုပ်တုငယ်၊ စဉ့်အိုး၊ ဆေးတံအမျိုးမျိုး၊ မြေပုတီး၊ စာချွန်တော်ရေးစားပွဲ၊ နှစ်ကြောင်းစာချွန်၊ တစ်ကြောင်းစာချွန်၊ ရတနာပုံခေတ်၊ ရတနာပုံနေပြည်တော်သတင်းစာ၊ ပုရပိုက်၊ နေလတိမ်နက္ခတ်ကျမ်း၊ ပုရပိုက်ဖြူ မြင်းကျမ်း၊ အဘိဓမ္မာကျမ်းအကျယ်၊ ပေစာ၊ ပေထုပ်ပဝါ၊ ပေမျဉ်းချကိရိယာတို့ကို လေ့လာနိုင်သည်။

လက်ရှိတွင် ပြတိုက်အဆောက်အအုံအား ပြန်လည်ပြင်ဆင်ခြင်းများပြုလုပ်လျက်ရှိသလို ပြတိုက်အတွင်းတွင်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြို့တော်များအကြောင်းနှင့် မန္တလေးမြို့ရှိသမိုင်းဝင်သစ်သားကျောင်းတော် ပုံစံငယ်နှင့်တကွ အခြားရှေးဟောင်းပစ္စည်းများကို သန့်ရှင်းသပ်ရပ်စွာ တိုးချဲ့ပြသထားသည်။

ခေတ်အဆက်ဆက်တိုးတက်လာသော ယဉ်ကျေးမှုများ၊ လူနေမှုအဆင့်ဆင့်နှင့် တိုးတက်လာပုံများကို တစ်နေရာတည်းတွင် ပြည့်စုံစွာလေ့လာနိုင်သော မြန်မာ့ဂုဏ်ဆောင်ပြတိုက်တစ်ခုအဖြစ်သိရသည်။

**(တိမ်တမန်)**

## ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများ ဆုနှင်းသဘင်သို့ တက်ရောက်ရန် နှိုးဆော်

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် [၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့)(စနေနေ့)] နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပမည့် စာပေဆုနှင်းသဘင်သို့ တက်ရောက်ကြမည့် စာပေဆုရရှိကြသူများနှင့် ဖိတ်ကြားထားသောပရိသတ်အားလုံး အခမ်းအနားမစတင်မီ နာရီဝက်ကြိုတင်နေရာယူပေးကြပါရန် နှိုးဆော်ထားကြောင်းနှင့် စာပေဆုနှင်းသဘင် အစမ်းလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၁ ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် အမျိုးသားဇာတ်ရုံ၌ပင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ကျောင်းကုန်းမြို့၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး၊ ဆေးဝါးများပေးအပ်

**ကျောင်းကုန်း ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံတွင် ချယ်ရီမေတ္တာဖောင်ဒေးရှင်းက မျက်စိဝေဒနာရှင်များအား (၁၄)ကြိမ်မြောက် စက္ခုဒါနအလှူအဖြစ် ယနေ့နံနက်တွင်စမ်းသပ်ပြီး ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခဲ့ကြောင်းသိရသည်။

ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် စမ်းသပ်ထားသည့် လူ ၁၁၁၅ ဦးမှ ခွဲစိတ်ရမည့် လူနာ ၄၀ ကို ယနေ့နံနက်ပိုင်းမှစတင်ခွဲစိတ်ပေးနေကြောင်း၊ ခွဲစိတ်ပြီးလူနာများအတွက် ဆေးဝါးအပြည့်အစုံပါပေးကြောင်းနှင့် ခွဲစိတ်ကာလကို ဒီဇင်ဘာ ၁၁ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်(ရွှေဈေး) ၇၄၆၅၀၀ - ၇၄၆၅၀၀၊ မန္တလေး(ရွှေဈေး) ၇၄၆၀၀၀ - ၇၄၆၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၈၄၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၆၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၁၂. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂. ၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၀၉၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၄၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၂၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၅၅. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၁၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၈. ၀၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၂. ၁၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

**●ရန်ကုန်စတော့အိတ်ချိန်းမှ**

ကော်မရှင်နာ မစ္စတာ နိုဘုချိကမိုရိ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Tateshi Higuchi၊ Japan Exchange Group၊ Tokyo Stock Exchange၊ Daiwa Securities Group Inc., a holding company of Daiwa Securities ဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် ပဏာမရွေးချယ်ထားသော ငွေချေးသက်သေခံလက်မှတ်များကို တစ်ဆင့်ခံရောင်းချမည့်ကုမ္ပဏီများမှ အမှုဆောင်အရာရှိများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲကို ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံရှေ့ဥပစာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီမှ ကော်မရှင်နာ မစ္စတာ နိုဘုချိကမိုရိ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi Higuchi၊ Daiwa Securites Group Inc., a holding Company of Daiwa Securities ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr.Takashi Hibino နှင့် Tokyo Stock Exchange အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌနှင့် Japan Exchange Group ဒါရိုက်တာဖြစ်သူ Mr. Koichiro Miyahara တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်ပြားအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံအတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုစတော့အိတ်ချိန်း စတင်လည်ပတ်ရာ၌ စာရင်းဝင်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံသားပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီများဖြင့်သာ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေကို အသစ်ပြန်လည်ရေးဆွဲနေပြီဖြစ်ပြီး မကြာမီအချိန်အတွင်း ဥပဒေအသစ်ကိုပြဋ္ဌာန်းတော့မည်ဖြစ်ကြောင်း၊ အဆိုပါ ဥပဒေသစ်ပြဋ္ဌာန်းပြီးချိန်တွင် နိုင်ငံခြားသားပိုင် အစုရှယ်ယာများပါဝင်သည့် ဖက်စပ်ကုမ္ပဏီများကို စာရင်းဝင်ကုမ္ပဏီများအဖြစ် လက်ခံသတ်မှတ်ပြီး ရန်ကုန်စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာများ ရောင်းချခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် အပြန်အလှန်စာရင်းဝင်ကုမ္ပဏီများအဖြစ်သတ်မှတ်ပြီး လဲလှယ်ရောင်းဝယ်သည့်လုပ်ငန်းများ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများစသည့် ငွေချေးသက်သေခံလက်မှတ်များကို ရန်ကုန်စတော့အိတ်ချိန်းတွင် လဲလှယ်ရောင်းဝယ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီမှ ကော်မရှင်နာက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်စတော့အိတ်ချိန်း၏ ရှယ်ယာရှင်ဖြစ်သူ Japan Exchange Group ၏ ကိုယ်စားလှယ် Mr. Takashi Hibiro နှင့် Tokyo Stock Exchange အမှုဆောင်အရာရှိချုပ်နှင့်ဥက္ကဋ္ဌနှင့် Japan Exchange Group ဒါရိုက်တာ Mr. Koichiro Miyahara တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ရန်ကုန်စတော့အိတ်ချိန်းဖွင့်လှစ်ခြင်း အထိမ်းအမှတ် ခေါင်းလောင်းထိုးပေးသည်။

ဆက်လက်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်သိမ်းက ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာရောင်းချမည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအား ကြေညာပေးပြီး ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်ပုံအား သရုပ်ပြရှင်းလင်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီမှ ကော်မရှင်နာ မစ္စတာနိုဘုချိကမိုရိအား ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံ ဘဏ္ဍာရေးနှင့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် ငွေရေးကြေးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ ဖြစ်ပေါ်တိုးတက်စေရေးအတွက် များစွာအထောက်အကူပြုသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ရန်ကုန်စတော့အိတ်ချိန်းပေါ်ပေါက်လာရေးအတွက် ဂျပန်နိုင်ငံအစိုးရ၊ ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၊ Financial Service Agency၊ Policy Research Institute နှင့် Daiwa Securities Group၊ JPX တို့က ၁၉၉၆ခုနှစ်ခန့်မှ စ၍ နည်းပညာဆိုင်ရာနှင့် ပညာရှင်များကို ပံ့ပိုးပေးခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်းသည် မြန်မာနိုင်ငံဘက်မှ မြန်မာ့စီးပွားရေးဘဏ်က အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ Daiwa Institute of Research က ၃၉ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် Japan Exchange Group က ၁၈ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ဖက်စပ်ကုမ္ပဏီဖြစ်ပြီး ကနဦးမတည်ငွေရင်း ကျပ် ၃၂ ဘီလီယံထည့်ဝင်ကာ လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို အဝယ်အရောင်းအော်ဒါအဖြစ် နံနက် ၁၁ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတွင်တစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သိမ်း ရန်ကုန်စတော့အိတ်ချိန်းနှင့်ပတ်သက်ပြီး သတင်းမီဒီယာများအား ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်**

**❖ကျောဖုံးမှ**

ထူထောင်နိုင်ခဲ့ရာတွင် ပါဝင်ပံ့ပိုးခဲ့သည့် ဂျပန်နိုင်ငံမှ တိုကျိုစတော့အိတ်ချိန်း ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Koichiro Miyahara နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**မေး - မြန်မာနိုင်ငံမှာ ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်နိုင်ပြီဆိုတော့ ဒီအခြေအနေနဲ့ အလားအလာဘယ်လိုရှိလဲ သိပါရစေ။**

ဖြေ - ရန်ကုန်စတော့အိတ်ချိန်းရဲ့ အနာဂတ်ဟာ အရမ်းကို တောက်ပမှုရှိတယ်လို့ ထင်ပါတယ်။ လက်ရှိအနေအထားမှာဆိုရင် မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ အလွန်တိုးတက်လာပြီဖြစ်တဲ့အတွက် အဲဒီတိုးတက်တဲ့အနေအထားနဲ့ဆိုရင် ရန်ကုန်စတော့အိတ်ချိန်းဟာ တစ်တပ်တစ်အားအနေနဲ့ ပံ့ပိုးပေးတဲ့နေရာမှာ အများကြီး ခွန်အားဖြစ်စေမယ်လို့ ထင်ပါတယ်။

**မေး - ဂျပန်စတော့အိတ်ချိန်း JPX အနေနဲ့ ရန်ကုန်စတော့အိတ်ချိန်း အခုလိုစတင်ထူထောင်လာနိုင်ဖို့အတွက် ဘာတွေပံ့ပိုးဆောင်ရွက်ခဲ့လဲဆိုတာ ပြောပြပေးပါ။**

ဖြေ - လွန်ခဲ့တဲ့ သုံးနှစ်ခွဲ ကတည်းက ဗဟိုဘဏ်ရယ်၊ ဂျပန် Daiwa Institute of Research ရယ်၊ JPX ရယ် အားလုံးပေါင်းပြီးတော့ နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ JPX အနေနဲ့ မြန်မာနိုင်ငံမှာ ဂျပန်နိုင်ငံရဲ့ ကျွမ်းကျင်ဝန်ထမ်း လေးဦးကို တောက်လျှောက်ထားပြီးတော့ ဒီလိုမျိုး အကောင်အထည်ဖော်ဖို့အတွက် ကြိုးစားဆောင်ရွက်ခဲ့သလို ရှိတဲ့ဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး ပံ့ပိုးမှုတွေ လုပ်ပေးခဲ့ပါတယ်။ နောက်တစ်ခုက JPX က သင်တန်းတွေပေးပါတယ်။ သင်တန်းပေးတဲ့အခါမှာ လတိုင်းလတိုင်း ဒီကဝန်ထမ်းတွေကို လိုအပ်တဲ့ သင်တန်းပို့ချတာတွေ တောက်လျှောက်လုပ်နေပါတယ်။

**မေး - ပြုပြင်ပြောင်းလဲမှု များစွာပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ စတင်ကြိုးပမ်း အရှိန်ယူနေတဲ့ကာလဖြစ်ပြီး ဒီလိုအချိန်မှာ စတော့အိတ်ချိန်း ဖွင့်လှစ်နိုင်ခဲ့တဲ့အပေါ် အဓိကပါဝင်ကူညီခဲ့တဲ့ ဂျပန်နိုင်ငံက ကျွမ်းကျင်သူတစ်ယောက်အနေနဲ့ ဘယ်လို ထင်မြင်ယူဆပါသလဲ။ ဘယ်လိုမျှော်မှန်းထားပါသလဲ။**

ဖြေ - အခုလိုမျိုး ရန်ကုန်စတော့အိတ်ချိန်းကို သူ့ဘာသူ သေသေချာချာ လုပ်ငန်းလည်ပတ်နိုင်တဲ့အထိ ကျွန်တော်တို့က ပံ့ပိုးဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ရန်ကုန်စတော့အိတ်ချိန်းရဲ့ အစုရှယ်ယာရှင်တစ်ယောက်အနေနဲ့ မဟုတ်ဘဲ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီမယ့် ပူးပေါင်းပါဝင်



Mr. Koichiro Miyahara

ဆောင်ရွက်မှုအဖြစ် လုပ်ဆောင်သွားဖို့ ရည်ရွယ်ထားပါတယ်။ စတော့အိတ်ချိန်းကုမ္ပဏီတွေရဲ့ တာဝန်ဝတ္တရားက နှစ်ခုရှိပါတယ်။ ပထမက လိုအပ်တဲ့ အစုရှယ်ယာတွေကို ပေးပေးမယ်။ ရောင်းမယ်။ ဝယ်ချင်တဲ့သူတွေကို ဖန်တီးပေးမယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို မြှုပ်နှံမယ့်နေရာ ရှာပေးတယ်ဆိုပါတော့။ အဲဒီလို ရှိတဲ့အထဲမှာမှ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုမှာ အလွန်ကို အရေးပါတဲ့ နေရာကနေ တာဝန်ယူပြီး ပံ့ပိုးပေးသွားနိုင်မယ်လို့ ကျွန်တော်တို့က ယူဆပါတယ်။ မကြာခင်မှာ အာဆီယံနိုင်ငံတွေအတွင်းမှာ ပမာဏကြီးမားတဲ့ စတော့ရှယ်ယာဈေးကွက် တစ်ခု မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာမယ်လို့ မျှော်လင့်ထားပါတယ်။ အခုအချိန်မှာ စတော့ရှယ်ယာ ရောင်းချမယ့် ကုမ္ပဏီ ၆ ခုရှိပါတယ်။ ဒီကုမ္ပဏီတွေကို လက်တွေ့လုပ်ငန်းခွင်ထဲမှာ အမြန်ဆုံးဆောင်ရွက်နိုင်ဖို့ ကူညီပံ့ပိုးပေးတာရှိပါတယ်။ ဒါ့အပြင် လုံခြုံရေးကုမ္ပဏီ ၁၀ ခု လိုင်စင်ချထားပေးမှာဖြစ်ပြီး အဲဒီကုမ္ပဏီတွေနဲ့ ပတ်သက်ပြီး သူတို့ကိုယ်တိုင် အမြန်ဆုံးလုပ်ငန်း လည်ပတ်နိုင်အောင် ပံ့ပိုးကြိုးစားပေးနေပါတယ်။ အဲဒီရလဒ်အဖြစ် အစိုးရအပြောင်းအလဲဖြစ်ခဲ့လည်း အစုရှယ်ယာဈေးကွက်ကြီးဟာ စတင်ပြီဆိုတာနဲ့ တစ်ပြိုင်နက် အရှိန်အဟုန်နဲ့ ဆက်လက်လည်ပတ်နိုင်ဖို့က ကျွန်တော်တို့ရဲ့ ကြီးမားတဲ့ တာဝန်ဝတ္တရားပဲဖြစ်ပါတယ်။ အရေးကြီးတာတစ်ခုက မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို ဒါနဲ့ပတ်သက်ပြီး အသိပညာဗဟုသုတတွေကို ဆွေးနွေးပွဲတွေပြုလုပ်ပြီး ဖြန့်ဝေပေးသွားဖို့ ရှိပါတယ်။

**တွေ့ဆုံမေးမြန်း-ဆုနှင်းလှဲ့**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

**○ကျောက်ဖြူမှ**

ရေလမ်းခရီးကိုသာ အားထားနေရသည့် ရခိုင်ပြည်နယ် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းတွင် ပါဝင်သည့် မာန်အောင်မြို့အပြင် ကျောက်ဖြူမြို့နှင့် စစ်တွေမြို့သို့လည်း ပျံသန်းသွားမည်ဖြစ်ပြီး ရန်ကုန်-မာန်အောင်- ကျောက်ဖြူ- စစ်တွေ-ကျောက်ဖြူ-မာန်အောင်-ရန်ကုန် ခရီးအစီအစဉ်အတိုင်း ပျံသန်းပေးမည်ဖြစ်သည်။

မြန်မာ အမျိုးသားလေကြောင်းလိုင်းတွင် မူလက Caravan Ex လေယာဉ်နှစ်စင်းရှိရာ အသစ်မှာယူထားသည့် Caravan လေယာဉ်များဖြင့် ပြည်တွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများသို့ ပျံသန်းပြေးဆွဲရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယင်းအပြင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအတွက် စင်းလုံးငှား လေယာဉ်ခရီးစဉ်များကိုလည်း ပြေးဆွဲပေးနိုင်မည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းကပြောသည်။

မာန်အောင်မြို့သည် ကျောက်ဖြူ အထူးစီးပွားရေးဇုန် ဒေသလွှမ်းခြုံပင်မစီမံချက်တွင် ပါဝင်သော မြို့နယ်တစ်ခုဖြစ်ပြီး ကျောက်ဖြူမြို့တွင် စက်မှုလုပ်ငန်းများ အဓိကထားဆောင်ရွက်မည့် ဇုန်အဖြစ်ရေးဆွဲထားသည့်အပြင် မာန်အောင်မြို့ကို သဘာဝအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် ဇုန်အဖြစ် ထည့်သွင်းရေးဆွဲထားရာ ယခုကဲ့သို့ လေယာဉ်ငယ်များဖြင့် ပျံသန်းပြေးဆွဲပေးခြင်းအားဖြင့် ခရီးသွားလုပ်ငန်းကို အထောက်အကူပြုမည်ဖြစ်ပြီး စီမံကိန်းဆောင်ရွက်မှုများအတွက်လည်း များစွာအကျိုးရှိနိုင်မည်ဟု သိရသည်။ ရခိုင်ပြည်နယ်၏ လှပသော ပင်လယ်ကမ်းခြေသဘာဝအလှများကို ရှုမြင်ခံစားနိုင်ရန် စင်းလုံးငှား လေယာဉ်ခရီးစဉ်များကို ပျံသန်းပြေးဆွဲပေးသွားမည်ဟု သိရသည်။

လက်ရှိပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် အချို့မြို့များတွင် ကွင်းတိုလေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ငယ်များဖြင့် ပျံသန်းပြေးဆွဲပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ပြီး ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များအတွက် စင်းလုံးငှားခရီးစဉ်များလည်း ပိုမိုတွင်ကျယ်လာနိုင်သည်ဟု ခရီးသွားဝန်ဆောင်မှု ကုမ္ပဏီများက မျှော်လင့်ထားသည်။ **(ဝဝ၁)**

## စဉ်ဆက်မပြတ် ဆေးပညာဟောပြောမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို ဒီဇင်ဘာ ၁၁ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ရတနာလမ်းထိပ်ရှိ စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်တွင် ကျင်းပမည်ဖြစ်ရာ ပါမောက္ခရဲမြ၊ ဒေါက်တာ Vijay Kumar၊ ဒေါက်တာတင်ဇော်မောင်၊ ဒေါက်တာဝင်းဇော်နှင့် ဒေါက်တာတင်အေးတို့က ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ရေသီယွန်ဒုံးကျည်အမျိုးအစားသစ် အမေရိကန်၌ အောင်မြင်စွာ စမ်းသပ်ပစ်ခတ်

**ဝါရှင်တန်    ဒီဇင်ဘာ    ၉**

အမေရိကန်နှင့် ဂျပန်ရန်ပုံငွေဖြင့် ပူးတွဲသုတေသနပြု တည်ဆောက်လျက်ရှိသော ရေသီယွန်အက်စ်အမ်-၃ အမျိုးအစားဒုံးကျည်သစ်ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်ခဲ့ကြောင်း အမေရိကန်ဒုံးကျည်ကာကွယ်ရေး အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ ဒီဇင်ဘာ ၈ ရက်က ဒုံးကျည်စမ်းသပ်မှုကို ပြုလုပ်ခဲ့သည်။ ရေသီယွန်ကုမ္ပဏီက တည်ဆောက်ပေးသော ရေသီယွန်အက်စ်အမ်-၃ ဘလောက်၂-အေ ဒုံးကျည်ကို ဒုတိယအကြိမ် စမ်းသပ်ပစ်ခတ်ခြင်းဖြစ်သည်။

ကြားဖြတ်ဟန့်တားရေး ဒုံးကျည်ပစ်ခတ်မှုဆိုင်ရာ စမ်းသပ်မှုအများအပြားကို လာမည့်နှစ်များတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်ဒုံးကျည်ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ရေသီယွန်ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုနှင့် ပတ်သက်၍ ဒုံးကျည်ထုတ်လုပ်ရေးအစီအစဉ် တာဝန်ရှိသူများက ဆန်းစစ်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်သည်ဆို၏။

ရေသီယွန်ဒုံးကျည်အမျိုးအစားသစ်ကို သုတေသနပြု ထုတ်လုပ်နိုင်ရန် အမေရိကန် ပြည်ထောင်စုက ဒေါ်လာ နှစ်ဘီလီယံကျော်၊ ဂျပန်နိုင်ငံက ဒေါ်လာ တစ်ဘီလီယံခန့် ရန်ပုံငွေထည့်ဝင်ခဲ့သည်။

လာမည့်နှစ်များတွင် ရေသီယွန်ဒုံးကျည်ကို ထုတ်လုပ်နိုင်သည့်အခါ အမေရိကန် အေးဂျစ်ဖျက်သင်္ဘောများနှင့် ဂျပန်၏ ကွန်ဂိုစစ်သင်္ဘောများ၌ ဖြန့်ကြက်မည်ဖြစ်သည်။

**ရိုက်တာ။**



# ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှုရစ်အား အိန္ဒိယပြည်ပရေးရာဝန်ကြီး တွေ့ဆုံ

**အစ္စလာမ္မာဘတ်    ဒီဇင်ဘာ    ၉**

အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူရှမီးဆွာရတ်သည် ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလာမ္မာဘတ်၌ ဝန်ကြီးချုပ် နာဝပ်ရှုရစ်အား ဒီဇင်ဘာ ၉ ရက်တွင် တွေ့ဆုံခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမျိုးသမီးတစ်ဦးဖြစ်သည့် အိန္ဒိယပြည်ပရေးရာ ဝန်ကြီး ဆွာရတ်သည် အစ္စလာမ္မာဘတ်၌ ရှိနေစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ လုံခြုံရေးညီလာခံသို့ တက်ရောက်မည်ဖြစ်သည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ တာဝန်ရှိသူများသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် အစ္စလာမ္မာဘတ်သို့ ဝန်ကြီး ဆွာရတ်ရောက်ရှိလာခြင်းဖြစ်သည်။

ပိုင်နက်နယ်မြေအငြင်းပွားလျက်ရှိသော ကက်ရှ်မီးယားဒေသ၌ လပေါင်းအတန်ကြာမျှ တင်းမာမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဩဂုတ်လတွင် အဆင့်မြင့် တာဝန်ရှိသူများ၏ ဆွေးနွေးပွဲတစ်ရပ်ကို ဖျက်သိမ်းခဲ့သည်။

အာရှနှလုံးသားဟု အမည်ပေးထားသော လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲသို့ ဝန်ကြီးဆွာရတ်နှင့်အတူ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် တာလီဘန်စစ်သွေးကြွများအား နှိမ်နင်းရေးတွင် အထူးအရေးကြီးကြောင်း၊ ပါကစ္စတန်နိုင်ငံသည် တာလီဘန်အဖွဲ့ကို ထောက်ခံအားပေးနေသည်ဟု အာဖဂန်ပြည်သူအများအပြားက စွပ်စွဲထားကြောင်း၊ သို့ရာတွင် ယင်းစွပ်စွဲချက်ကို ပါကစ္စတန်အစိုးရအဖွဲ့က ငြင်းဆိုကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# အိန္ဒိယ၏ အလိုရှိဆုံး ဝရမ်းပြေးပိုင်ဆိုင်ခဲ့သည့်ကား ကန်ဒေါ်လာ ၆၀ မျှဖြင့် လေလံတင်ရောင်းချမည်

**မွမ်ဘိုင်း    ဒီဇင်ဘာ    ၉**

အိန္ဒိယအစိုးရက တိုင်းပြည်၏အလိုရှိဆုံးဝရမ်းပြေး မွမ်ဘိုင်းမာဖီးယားဂိုဏ်းချုပ် ဒါဝုဒ်အီဘရာဟင် တစ်ချိန်က ပိုင်ဆိုင်ခဲ့သည်ဆိုသော စိုက်ပျိုးမွေးမြူရေးမြေ၊ စားသောက်ဆိုင်တစ်ဆိုင်နှင့် ကားတစ်စီးကို လေလံတင်ရောင်းချမည်ဖြစ်သည်။

အိန္ဒိယရဲတပ်ဖွဲ့မှာ အီဘရာဟင်အား ဆယ်စုနှစ်ပေါင်းများစွာကြာသည့်တိုင် ခြေရာမခံနိုင်ခဲ့သော်လည်း ၎င်းပိုင်ဆိုင်ခဲ့သည်ဆိုသော မွမ်ဘိုင်းမြို့ ဆင်ခြေဖုံးဒေသ၌ ရပ်ထားသည့် ၁၅ နှစ်သက်တမ်းရှိ အစိမ်းရောင် ဟွန်ဒိုင်း အက်ဆန့်ဆီဒင်ကားတစ်စီးကို ရူပီး ၄၀၀၀(အမေရိကန်ဒေါ်လာ ၆၀)မျှဖြင့် လေလံဆွဲသူများက ယခုအခါ ဝယ်ယူနိုင်တော့မည်ဖြစ်သည်။ ဆယ်စုနှစ်တစ်ခုကျော်က သိမ်းယူခဲ့သည့် ပစ္စည်းဥစ္စာများမှာ အီဘရာဟင်၏ ပိုင်ဆိုင်မှု ပစ္စည်းများအနက် အစိတ်အပိုင်းအနည်းငယ်မျှသာဖြစ်သည်။ လုံခြုံရေးတင်းကျပ်ထားသော လေလံပွဲကျင်းပရာ မွမ်ဘိုင်းမြို့တောင်ပိုင်းရှိ ဟိုတယ်တစ်လုံးသို့ ဒီဇင်ဘာ ၉ ရက်တွင် လူတစ်စု စုဝေးရောက်ရှိလာခဲ့သည်။

အိမ်နီးချင်း ပါကစ္စတန်နိုင်ငံ၌ ပုန်းအောင်းနေသည်ဟုဆိုသော အီဘရာဟင်သည် လူသတ်မှု၊ ခြိမ်းခြောက်ငွေညှစ်မှုနှင့် လက်နက်မှောင်ခိုမှု လုပ်ကိုင်လျက်ရှိသည်ဟု အိန္ဒိယအာဏာပိုင်များက စွပ်စွဲထားသော D Company ကို တည်ထောင်လုပ်ကိုင်နေသည်။

အီဘရာဟင်သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့များကို ငွေကြေးထောက်ပံ့သူအဖြစ်လည်းကောင်း၊ လူပေါင်း ၇၀၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ၂၅၇ ဦး သေဆုံးခဲ့သည့် ၁၉၉၃ ခုနှစ်တွင် မွမ်ဘိုင်းမြို့၌ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကို စီစဉ်ညွှန်ကြားသူဟူ၍လည်းကောင်း စွပ်စွဲခံထားရသည်။ အီဘရာဟင်မှာ ၁၉၈၀ ခုနှစ်များတွင် အိန္ဒိယနိုင်ငံမှ ထွက်ပြေးခဲ့ပြီးနောက်ပိုင်း အာဏာပိုင်များကို ရှောင်တိမ်းနေခဲ့သည်။ အိန္ဒိယအစိုးရက အီဘရာဟင်၏ ပိုင်ဆိုင်မှုများသာမက မွမ်ဘိုင်းမြို့ရှိ ၎င်း၏ဆွေမျိုးများ ထိန်းချုပ်ထားသော ပစ္စည်းဥစ္စာများကိုပါ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူရန် နှစ်ပေါင်းများစွာကြာ အပူတပြင်း ကြိုးစားခဲ့ရသည်။

**ရိုက်တာ။**



# ဆီးရီးယားဒုက္ခသည် ရှစ်ဦး မလေးရှားနိုင်ငံသို့ ရောက်ရှိ

**ကွာလာလမ်ပူ    ဒီဇင်ဘာ    ၉**

ပြည်တွင်းစစ်ဒဏ်ကြောင့် ထွက်ပြေးလာသည့် ဆီးရီးယားဒုက္ခသည်ရှစ်ဦး မလေးရှားနိုင်ငံသို့ ရောက်ရှိလာခဲ့သည်ဟု သိရသည်။ မလေးရှားနိုင်ငံ၏ လာမည့်သုံးနှစ်အတွင်း ဒုက္ခသည်နှင့် ရွှေ့ပြောင်းလာသူ ၃၀၀၀ လက်ခံမည့်အစီအစဉ်အရ ၎င်းတို့သည် မလေးရှားနိုင်ငံသို့ ပထမဆုံးရောက်ရှိလာသူများဖြစ်သည်။ မိသားစုနှစ်စုသည် ကွာလာလမ်ပူလေဆိပ်သို့ ဒီဇင်ဘာ ၈ ရက်ညတွင် ရောက်ရှိခဲ့ပြီး ၎င်းတို့ကို မလေးရှားအစိုးရတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ရောက်ရှိလာသည့် ဒုက္ခသည်ရှစ်ဦးသည် မလေးရှားနိုင်ငံတွင် အခြေချနေထိုင်လျက်ရှိသည့် ဆွေမျိုးများနှင့် နေထိုင်သွားရန် စီစဉ်ထားကြသည်။ ဒုက္ခသည်အမျိုးသားတစ်ဦးက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မလေးရှားနိုင်ငံသို့ ရွှေ့ပြောင်းလာနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းပြောကြားသည်။ လွန်ခဲ့သည့်လက ပါရီမြို့အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက်ပိုင်း အမေရိကန်နှင့် အခြားနိုင်ငံများက ဆီးရီးယားဒုက္ခသည်များကို ကန့်သတ်ချက် တင်းတင်းကျပ်ကျပ်ဖြင့် လက်ခံရန် တောင်းဆိုမှုများမြင့်တက်လာခဲ့သည်။

ပြင်သစ်နိုင်ငံသို့ ရောက်ရှိလာသည့်အကြမ်းဖက်တိုက်ခိုက်ရေးသမားအချို့သည် ဒုက္ခသည်အသွင်ဟန်ဆောင်၍ ဝင်ရောက်လာခြင်းဖြစ်သည်ဟု ယူဆရသည်။ မလေးရှားအစိုးရက ဒုက္ခသည်များကို စီစဉ်ထားသည့်အတိုင်း လက်ခံသွားမည်ဖြစ်သော်လည်း ရောက်ရှိလာသည့် ဒုက္ခသည်များကို အလေးထားစောင့်ကြည့်လေ့လာသွားမည်ဟု ဆိုသည်။ မလေးရှားနိုင်ငံ၏ လူဦးရေ ၆၀ ရာခိုင်နှုန်းကျော်သည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြသည်။

**အင်န်အိတ်ချ်ကေ။**

# ကန်ဒါဟာလေဆိပ်ကို တာလီဘန်တိုက်ခိုက် လူအများအပြားသေဆုံး၊ ဒဏ်ရာရ

**ကဘူး    ဒီဇင်ဘာ    ၉**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ရှိလေဆိပ်ကို တာလီဘန်စစ်သွေးကြွများက ဒီဇင်ဘာ ၈ ရက်က တိုက်ခိုက်ခဲ့ရာ အရပ်သားများနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၃၇ ဦးထက်မနည်းသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တိုက်ခိုက်မှုများကြောင့် တာလီဘန်စစ်သွေးကြွကိုးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသည်။ အသက်မသေဘဲ ကျန်ရှိသူ တာလီဘန်စစ်သွေးကြွတစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆက်လက်ခုခံတိုက်ခိုက်နေဆဲဖြစ်ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင်ဖော်ပြသည်။

လုံခြုံရေးတင်းကြပ်သည့် ကန်ဒါဟာလေဆိပ်၏ ခြံဝင်းကို တာလီဘန်အဖွဲ့က လူနေဒေသတစ်ခုရှိ စာသင်ကျောင်းတစ်ကျောင်းအတွင်း နေရာယူကာ စတင်တိုက်ခိုက်ခဲ့သည်။ ကန်ဒါဟာလေဆိပ်ကို အရပ်ဘက်လေဆိပ်အဖြစ်ရော၊ စစ်အခြေစိုက်စခန်းတစ်ခုအဖြစ်ပါ အသုံးပြုလျက်ရှိသည်။

**ရိုက်တာ။**

ပြည်တွင်းရေးရာ

## ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ လမ်းလျှောက်ပွဲနှင့် အသိပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပသွားမည်ဖြစ်ပြီး လမ်းလျှောက်ပွဲနှင့်အတူ ဆီးချိုသွေးချိုအကြောင်း ကျန်းမာရေး အသိပညာဟောပြောပွဲကိုလည်း ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းမှ သိရသည်။

ကမ္ဘာ့ ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အနေဖြင့် "ဆီးချိုသွေးချိုကာကွယ်လို့ အနာဂတ်ဘဝသာယာဖို့ ယနေ့ စတင်ဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် လမ်းလျှောက်ပွဲ ကျင်းပသွားမည်ဖြစ်သည်။ ထို့အပြင် ဆီးချိုသွေးချို အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးတင့်ဆွေလတ်က ဆီးချိုသွေးချိုရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာဟောပြောပွဲ ပြုလုပ်သွားမည်ဟု သိရသည်။

လက်ရှိ ကမ္ဘာပေါ်တွင် ကူးစက်တတ်သော ရောဂါဝေဒနာများထက် မကူးစက်တတ်သော ရောဂါဝေဒနာများ၏ ခြိမ်းခြောက်မှုများမှာ ပိုမိုစိုးရိမ်စရာဖြစ်လာပြီး သေဆုံးမှုနှုန်းမှာလည်း မြင့်တက်လာခဲ့သည်ဟု သိရသည်။ ဆီးချိုသွေးချို ကဲ့သို့သော ကူးစက်တတ်ခြင်းမရှိသော ရောဂါဝေဒနာများအတွက် ကျန်းမာရေးအသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဟောပြောပွဲများ၊ လှုပ်ရှားမှုများ ကျင်းပသွားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားအတွက် လက်မှတ်များ ရောင်းချပေးသွားမည်ဖြစ်ပြီး လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၀၀၀ မျှသာဖြစ်ကာ ရောင်းချ၍ရရှိသော ငွေများကိုလည်း မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းသို့ ပြန်လည်လှူဒါန်းပေးသွားမည်ဟု သိရသည်။ လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများကိုမူ အခမဲ့ဖြစ်ကြောင်းသိရပြီး ပါဝင်သူများကို တီရှပ်၊ Diabetes Gymnastics၊ ကျန်းမာရေးဟောပြောပွဲတက်ရောက်ခွင့်၊ ကျန်းမာရေးစစ်ဆေးပေးမှု၊ ကံစမ်းမဲ အစီအစဉ်များနှင့် နံနက်စာဖြင့် ဧည့်ခံခြင်းများပါဝင်မည်ဟု သိရသည်။ အဆိုပါအခမ်းအနားကို မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး မလေးရှားနိုင်ငံမှ ဆေးကုမ္ပဏီဖြစ်သော KALBE မှ အဓိက ပံ့ပိုးကူညီပေးကာ အဆိုပါအခမ်းအနားသို့ လာရောက်သူများကို Diabetasol များ ပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၁)**



## မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့ နံနက် ၈ နာရီမှ စတင်၍ ဆက်လက်ပြသရောင်းချလျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာသူများ၊ တင်ဒါတင်သွင်းနေသူများဖြင့် စည်ကားလျက်ရှိသည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲတွင် ကျောက်မျက်ရိုင်းတစ်တွဲခြင်းအတွက် အခြေခံအနိမ့်ဆုံး ကြမ်းခင်းဈေးမှာ ကျပ်သုံးသိန်းဖြစ်ပြီး ကျောက်စိမ်းတစ်တွဲခြင်းအတွက် ကြမ်းခင်းဈေး ကျပ် ၁၀ သိန်းဖြစ်ကြောင်းလည်း သိရသည်။

ယနေ့တွင် မြန်မာ့ကျောက်မျက်ရိုင်း ၁၅၂ တွဲပြသခဲ့ရာ ၇၅ တွဲ ရောင်းချခဲ့ရပြီး စုစုပေါင်း တန်ဖိုးငွေကျပ်သန်း ၁၆၉၀ ကျော်ဖြစ်သည်။

ကျောက်စိမ်းအသားကျောက်အတွဲ ၆၈၂၆ တွဲကိုလည်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ရာ ဒီဇင်ဘာ ၁၀ ရက်တွင် ကျောက်စိမ်းတွဲအမှတ် (၁) မှ (၁၇၅၀) အထိကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် အတွဲအမှတ်( ၁၇၅၁) မှ ( ၃၅၀၀) အထိကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် အတွဲအမှတ် (၃၀၅၁) မှ (၅၂၅၀) အထိလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် အတွဲအမှတ် (၅၂၅၁)မှ (၆၈၂၆) အထိကိုလည်းကောင်း သတ်မှတ်ရက်များအလိုက် အသီးသီးရောင်းချသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၁၅-၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၆ ဒသမ ၁၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၃ ဒသမ ၅၇ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၉ ဒသမ ၆၈ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၃ ဒသမ ၈၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၂ ဒသမ ၂၂ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၉၆ ဒသမ ០၈ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် အောက်တိုဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၈၆ ဒသမ ၄၀ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၉၄၁ ဒသမ ၂၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၇၉ ဒသမ ၄၄ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄၂၀ ဒသမ ၆၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၆၆ ဒသမ ၉၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၈ ဒသမ ၀၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၁၈၄ ဒသမ ၉၅ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၆၀၅ ဒသမ ၆၀ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၇၆၄ ဒသမ ၂၉ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**

## Banker of the Year in Asia 2015 ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌအား ဒုတိယအကြိမ်ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၉**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ ၂၀၁၅ ခုနှစ်အတွက် အာရှတိုက်ကိုယ်စားပြု Banker of the Year in Asia 2015 ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌအားလည်းကောင်း၊ Best Commercial Bank in Myanmar 2015 နှင့် Best Retail Bank in Myanmar 2015 ဆုများကို ကမ္ဘောဇဘဏ်လီမိတက်အားလည်းကောင်း ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က London Stock Exchange ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် World Finance အဖွဲ့အစည်းမှ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌအား ဒုတိယအကြိမ်မြောက်ပေးအပ်ချီးမြှင့်သည့် အာရှတိုက်တစ်ခုလုံးအတွက် Banker of the Year in Asia 2015 ဆုကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက တက်ရောက် လက်ခံရယူသည်။ **(အောက်ပုံ)**

ယင်းနောက် Best Commercial Bank in Myanmar 2015 နှင့် Best Retail Bank in Myanmar 2015 ဆုများကို ကမ္ဘောဇဘဏ်လီမိတက် တာဝန်ရှိသူများက တက်ရောက်ရယူခဲ့ကြသည်။

ကမ္ဘောဇဘဏ် လီမိတက်သည် မြန်မာနိုင်ငံအနှံ့အပြားတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးအောင် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်း အရွယ်အစားအမျိုးမျိုးကို ဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ်ချေးငွေအပါအဝင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် မြှင့်တင်ပေးနိုင်ခြင်း၊ နိုင်ငံတကာဘဏ်လုပ်ငန်းများနှင့် ချိတ်ဆက်၍ နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို စံပြအနေဖြင့် ဦးဆောင်ဦးရွက်ပြုနိုင်ခြင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှု အရည်အသွေး မြှင့်တင်နိုင်ခြင်း စသည်တို့ကြောင့် World Finance အဖွဲ့အစည်းက ကမ္ဘောဇဘဏ်လီမိတက်အား Best Commercial Bank in Myanmar 2015 ဆုချီးမြှင့်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်ခွဲများ ၃၆၀ ကျော် ဖွင့်လှစ်ပြီး နိုင်ငံအနှံ့အပြား ဘဏ်ဝန်ဆောင်မှုများကို တစ်ပြေးညီဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံတကာအဆင့်မီခေတ်မီ ဘဏ်လုပ်ငန်းနှင့် နည်းပညာများ အသုံးပြုဆောင်ရွက်နိုင်ခြင်း၊ မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းကဏ္ဍတွင် အင်အားစုဖွဲ့မှု အကြီးမားဆုံးဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် ဦးဆောင်ဘဏ်အဖြစ် ရပ်တည်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် Best Retail Bank in Myanmar 2015 ဆုချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌအား Banker of the Year in Asia 2015 အဖြစ် ဆုရွေးချယ်ရခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ထိပ်တန်းပုဂ္ဂလိကဘဏ်များအနက် အကြီးဆုံးဦးဆောင်ဘဏ်ကြီးကို ဘဏ်လုပ်ငန်းစတင်ချိန်မှစ၍ ယနေ့အချိန်အထိ ပဲ့ကိုင်တည်ဆောက်ထိန်းကျောင်းလာသည့် ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခင်ကာလများက တွေ့ကြုံခဲ့ရသော အခက်အခဲများကို ကျော်လွှန်၍ တိုးတက်ဖွံ့ဖြိုးရေး လမ်းကြောင်းပေါ် ပြန်လည် ရောက်ရှိလာရာတွင် ကမ္ဘောဇဘဏ် အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ငွေကြေးဆိုင်ရာလုပ်ငန်းများဖြင့် ထောက်ကူပါဝင်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်း ထူးချွန်စွာ ဆောင်ရွက်နိုင်မှု၊ စီမံခန့်ခွဲမှု၊ ကောင်းမွန်မှု၊ ဦးစီးဦးဆောင်ပဲ့ကိုင်အုပ်ချုပ်မှု၊ အဘက်ဘက်မှကောင်းမွန်မှုနှင့် စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက် ဆောင်ရွက်ပေးနိုင်မှုတို့ကြောင့် ကမ္ဘောဇဘဏ် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖွံ့ဖြိုးလာခြင်းဖြစ်ပါကြောင်း၊ ကမ္ဘောဇဘဏ်အနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပါဝင်လာအောင် ပံ့ပိုးထောက်ကူပေးခဲ့ခြင်းဖြင့် အာရှတိုက်၏ စီးပွားရေး ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် မြန်မာနိုင်ငံ၏အခန်းကဏ္ဍ တိုးတက်မြင့်မားလာစေသည့် စီးပွားရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို တိုးတက်အောင်မြင် ဖွံ့ဖြိုးစေခဲ့ကြောင်း ဖော်ပြပါရှိသည်။

အထက်ပါ Bankers of the Year 2015 ဆုများကို အာရှ၊ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ ဩစတြေးလျ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသစသည့် ကမ္ဘာ့တိုက်ကြီးခုနစ်တိုက်မှ သက်ဆိုင်ရာ ဒေသအလိုက် ၂၀၁၅ခုနှစ်အတွင်း ဘဏ်လုပ်ငန်းဆိုင်ရာများကို ထူးချွန်ပြောင်မြောက်စွာဖြင့် တိုးတက်အောင်မြင်အောင် အုပ်ချုပ်စီမံခန့်ခွဲခဲ့ကြသည့် ပုဂ္ဂိုလ်ခုနစ်ဦးအား ရွေးချယ်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ဆောင်းပါး

# လမြတ်နတ်တော်နှင့် စာဆိုတော်နေ့

ပန်းတောင်းသန်းကြွယ်




**နတ်တော်လတွင် နတ်ပူဇော်ပွဲများ ကျင်းပခြင်းကိုပြောင်းလဲ၍ မြန်မာပညာရှိကြီးများအား ချီးမြှောက်ပူဇော်သော ပွဲတော်ရာသီအဖြစ် သတ်မှတ်ခဲ့ကြသည်။ နတ်တော်လရာသီပွဲတော်တွင် စာပေပညာရှိကြီးများနှင့်တကွ ထူးချွန်သော လူရည်ချွန်များကိုလည်း ချီးမြှောက်ထောက်ပံ့ခဲ့ကြသည်။ ဘိုးတော်မင်းတရားကဲ့သို့ပင် မြန်မာစာပေနှင့် ယဉ်ကျေးမှုတို့ကို ပြုစုလာခဲ့ကြရာ အင်းဝခေတ်မှ ရတနာပုံခေတ်သို့တိုင်အောင် မြန်မာစာပေသမိုင်းဆက်သည် ပြောင်းမြောက်သန့်စင်ခဲ့။**

မြန်မာတို့၏ တစ်ဆယ့်နှစ်လတွင် ကိုးလမြောက်လမှာ နတ်တော်လဖြစ်သည်။ ရာသီအားဖြင့် ဓနုရာသီ၊ စန်းယှဉ်နက္ခတ်မှာ မိဂသီဖြစ်သည်။ ရာသီရုပ်မှာ လေးဆွဲသောယောကျ်ားရုပ်ဖြစ်သည်။ ရာသီပန်းမှာ တော်ဝင်နတ်ပန်းဟု တင်စားကြရသော သဇင်ပန်းဖြစ်သည်။ ရှေးဘုရင်များလက်ထက်က ရွှေသိုင်းများ ရှေ့ဆောင်ကာ ဘုရင်မင်းမြတ်အား ဆက်သရမြဲဖြစ်သော ပန်းမြတ်သဇင်တို့သည် ဤနတ်တော်လတွင် ဖူးပွင့်မြဲဖြစ်ကြောင်းကိုရည်ရွယ်၍ ရှင်ဥတ္တမကျော်က-

“ရွှေသိုင်းဝင့်ချီ၊ မိုးရင့်သီလျက်
မတီကေတု၊ တိုင်းဇေယုက
သမ္မုတိမှန်၊ ကေသာန္နံသည်
ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း
ဥကင်မြင့်ခေါင်၊ ရန့်လျှောင်ခဲ့”ဟု စပ်ဆိုခဲ့သည်။

လမြတ်နတ်တော်ဝယ် ကောက်သစ်ငယ်တို့ ပေါ်ဦးခြင်းကြောင့် တောင်သူလယ်သမားများ ပျော်မြူးကြသော ရာသီထူးလည်းဖြစ်သည်။ ကောက်သစ်စားပွဲများလည်း ကျင်းပကြသည်။ ရှေးလူကြီးများက “လနတ်တော် မုန့်ဆန်းလှော်”ဟု ဆိုကြသည်။

နတ်တော်လဟုတွင်သည်မှာ ထိုလတွင် နတ်ကို ပူဇော်ပသရသောကြောင့်ဖြစ်သည်။ ရှေးအခါက ဗြဟ္မဏပုဏ္ဏားတို့သည် ဘုရင့်အပါး၌ ဘုရင်အား မြှောက်စားချီးကျူးလျက် လောကီအကျိုးထူးများဖြစ်စေရန် ဖန်တီးပေးကြလေ့ရှိသည်။ နှစ်ရှည်ကြာလာသည့်အခါတွင် မြန်မာတို့၏ ရိုးရာဓလေ့ကဲ့သို့ မှတ်ယူစွဲလမ်းလာကြပြီး မြန်မာစာပေကျမ်းဂန်များ၊ လောကဓမ္မ၊ ရာဇရေးရာ အဖြာဖြာတို့၌ပင် ဗြဟ္မဏတို့၏အာဘော်များ ပါဝင်လာခဲ့သည်။ ရတနာပူရ အင်းဝနန်းတည် ဘိုးတော်ဘုရင်လက်ထက်တွင် ဗြဟ္မဏပုဏ္ဏားတို့၏ အဟောင်းအဆွေးများကို စာပေတို့မှ ထုတ်နုတ်သုတ်သင်၍ မြန်မာစာပေကို သန့်စင်စေခဲ့သည်ဟု အလိုရှိသည်။ ဗြဟ္မဏပုဏ္ဏားပညာရှိများကိုလည်း ဟူးရားသမားအဖြစ် သီးခြားခန့်ထား၍ သက်ဆိုင်ရာတို့၌သာလျှင် အမှုထမ်းစေခဲ့သည်။

ထိုအချိန်မှစတင်၍ နတ်တော်လတွင် နတ်ပူဇော်ပွဲများ ကျင်းပခြင်းကိုပြောင်းလဲ၍ မြန်မာပညာရှိကြီးများအား ချီးမြှောက်ပူဇော်သော ပွဲတော်ရာသီအဖြစ် သတ်မှတ်ခဲ့ကြသည်။ နတ်တော်လ ရာသီပွဲတော်တွင် စာပေပညာရှိကြီးများနှင့်တကွ ထူးချွန်သော လူရည်ချွန်များကိုလည်း ချီးမြှောက်ထောက်ပံ့ခဲ့ကြသည်။ ဘိုးတော်မင်းတရားကဲ့သို့ပင် မြန်မာစာပေနှင့်ယဉ်ကျေးမှုတို့ကို ပြုစုလာခဲ့ကြရာ အင်းဝခေတ်မှ ရတနာပုံခေတ်သို့တိုင်အောင် မြန်မာစာပေသမိုင်းဆက်သည် ပြောင်မြောက်သန့်စင်ခဲ့သည်။

သူ့ကျွန်ဘဝရောက်ခဲ့ရသော ကိုလိုနီခေတ်၌မူ မြန်မာစာပေသည် အားနည်းမှေးမှိန်ခဲ့ရသည်။ နိုင်ငံရေးနှင့် အမျိုးသားရေးစိတ်ဓာတ်များနိုးကြားလာသော ကိုလိုနီခေတ်နှောင်းပိုင်းကာလတွင် မြန်မာစာပေသည် ပြန်လည်ဦးမော့လာခဲ့သည်။ မြန်မာစာရေးဆရာများ၏ စုစည်းမှုများလည်း ဖြစ်ပေါ်လာခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာများအသင်းကို ၁၉၄၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၁၉၄၄ ခုနှစ် ဂျပန်ခေတ်၊ မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်တွင် စာဆိုတော်နေ့ကျင်းပနိုင်ရေးအတွက် စာပေဆိုင်ရာလူကြီးများ စုဝေးညှိနှိုင်း၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

ဂျပန်ခေတ်က ပြန်လည်ဖွဲ့စည်းခဲ့သော စာရေးဆရာအသင်းတွင် ဥက္ကဋ္ဌမှာ သူရိယဦးသိန်းမောင်ဖြစ်ပြီး ငွေထိန်းအဖြစ် ဒေါ်ဒဂုန်ခင်ခင်လေး၊ အမှုဆောင်လူကြီးများအဖြစ် မဟာဆွေ၊ ဒဂုန်နက်တွင်း၊ ဒဂုန်ရွှေမျှား၊ ဇေယျ၊ ရွှေပိန်သောင်း၊ သခ်ီ၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ မြို့မမောင်၊ မြန်မာ့ရုပ်ရှင် ဦးမောင်မောင်၊ ဆရာကျော်၊ ဆရာစိန်၊ မြဒေါင်းညို၊ ဇဝန၊ သုခ စသည်တို့ပါဝင်ကြသည်။

စာရေးဆရာများအသင်း၏ ပထမဦးဆုံးသော စာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့၊ ၁၉၄၄ ခုနှစ် နိုဝင်ဘာလတွင် ရွှေဂုံတိုင်လမ်း ကုန်းမြင့်ပေါ်ရှိ ဒဂုန်ခင်ခင်လေးစာအုပ်တိုက် မျက်နှာစာရှိ မြက်ခင်းပြင်၌ ကျင်းပခဲ့သည်။ ညနေ ၃ နာရီတွင် ရောက်ရှိလာသော စာရေးဆရာများနှင့် ဧည့်သည်တော်များအား ရေနွေးကြမ်း၊ ဘူးသီးကြော်၊ မုန့်စိမ်းပေါင်းတို့ဖြင့် ဒေါ်ဒဂုန်ခင်ခင်လေးက ဧည့်ခံကျွေးမွေးလေသည်။ ပထမဦးဆုံးသော စာဆိုတော်နေ့အခမ်းအနားတွင် စာရေးဆရာများအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးမှ စာရေးဆရာများအပါအဝင် တက်ရောက်သူစာရေးဆရာများက မြန်မာ့စာဆို အကျော်အမော်များဖြစ်ကြသော အနန္တသူရိယ၊ လက်ဝဲသုန္ဒရ၊ နတ်သျှင်နောင်၊ နဝဒေး၊ ဦးပေါ်ဦး၊ မမြကလေး၊ လှိုင်ထိပ်ခေါင်တင်၊ ဦးပုည၊ အချုပ်တန်းဆရာဖေ စသော ပုဂ္ဂိုလ်ကြီးများ၏ စာပေ၊ ဂီတ၊ ကဗျာများကို ရွတ်ဆို၍ ချီးကျူးဂုဏ်ပြုကြသည်။

ယင်းစာဆိုတော်နေ့ အခမ်းအနားပြီးဆုံးသည့်နေ့ ညနေပိုင်းတွင် စာရေးဆရာများ၏ စာပေဟောပြောပွဲ၊ စာပေရွတ်ဆိုပွဲတစ်ရပ်ကို ဗဟန်း၊ ကန်တော်ကြီးရှိ မြိုင်ရုံတွင် ပြုလုပ်ရာ စာပေဝါသနာရှင်များ၊ ပညာရှိပုဂ္ဂိုလ်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ ပါဝင်ပူးပေါင်း တက်ရောက်ကြကာ ရှေးခေတ်စာဆိုတော်ကြီးများ၏ ပြောင်မြောက်သောအရေးအသားတို့မှ ထုတ်နုတ်ရွတ်ဆိုခြင်းဖြင့် ဂုဏ်ပြုကြသည်။ စာရေးဆရာသုခ၏ ဦးပုည ဝိဇယပြဇာတ်မှ ထုတ်နုတ်ရွတ်ဆိုဂုဏ်ပြုသော သရုပ်ပြကဏ္ဍမှာ လူကြိုက်အများဆုံးဖြစ်ကာ နာမည်ကြီးခဲ့လေသည်။

၁၉၄၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၂ ရက်အထိ စာရေးဆရာအသင်းရန်ပုံငွေအတွက် ဝိဇယပြဇာတ်ကို မြိုင်ရုံ၌ တင်ဆက်ကပြခဲ့သည်။ စာရေးဆရာများကိုယ်တိုင် ပါဝင်ကပြကြရာ ဝိဇယမင်းသားအဖြစ် သုခ၊ မယ်ကုဝဏ်အဖြစ် သီတာခင်ထွေး၊ ဝန်ကြီးများအဖြစ် မဟာဆွေ၊ ဒဂုန်ရွှေမျှား၊ ဆရာဟိန်နှင့် ဇဝနတို့က သရုပ်ဆောင်ကြသည်။ မုဆိုးအဖြစ်သတင်းထောက် ကိုချစ်ဦး၊ သိကြားမင်းအဖြစ် သခ်ီ၊ နတ်မင်းအဖြစ် ရွှေပိန်သောင်း၊ ဘီလူးအဖြစ် ဝဇီရာ၊ ရှင်ဘုရင်အဖြစ် သဇင်မြင့်တို့က ပါဝင်သရုပ်ဆောင်ခဲ့ကြသည်။

နောက်နှစ် ၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် စာရေးဆရာပြဇာတ်ကို စာဆိုတော်နေ့နှင့် တစ်ပြိုင်တည်းကပြခဲ့ကြသည်။ နောက်ပိုင်းကာလများတွင် စာရေးဆရာပြဇာတ်များ ရံဖန်ရံခါသာ ပြသနိုင်ခဲ့သော်လည်း စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုစာပေပြိုင်ပွဲများ၊ သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲတို့ကို စဉ်ဆက်မပြတ် ကျင်းပလာနိုင်ခဲ့သည်။ စာပေဟောပြောပွဲများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြို့နယ်ဒေသများအလိုက် ခြိမ့်ခြိမ့်သဲ ကျင်းပကြရာ နှစ်သက်အားရဖွယ်ကောင်းလှသည်။

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆုများကို နိုင်ငံတော်က ချီးမြှင့်လျက်ရှိရာ ယခုနှစ် စာဆိုတော်နေ့ (ဒီဇင်ဘာ ၁၂ ရက်)တွင်လည်း စာပေဆုများကို အစဉ်အလာမပျက်ချီးမြှင့်သွားမည်ဖြစ်သည်။

စာပေပညာရှင်ကြီးများ ရေးသားပြုစုခဲ့သည့် စာအုပ်စာပေများကြောင့် လူတစ်ဦးချင်းစီ၏ ပညာရေး၊ အတွေးအခေါ်၊ ဘဝရပ်တည်မှု၊ ကျန်းမာရေးစသည်တို့ကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက စိတ်အေးချမ်းသာစေခြင်း၊ ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝစေခြင်း၊ ပရဟိတစိတ်ဓာတ်များ ရှင်သန်ပေါက်ဖွားလာခြင်း၊ ဘဝအခြေအနေအလိုက် နေပျော်အောင်နေတတ်လာခြင်းစသော အကျိုးထူးများကို ခံစားရရှိစေနိုင်သောကြောင့် စာပေပညာရှင်ကြီးများ၏ ကျေးဇူးဂုဏ်ကား ကြီးမားလှတော့သည်။

ထိုဂုဏ်ကျေးဇူးများကိုထောက်၍ နိုင်ငံတော်က ချီးမြှင့်သည့် စာပေဆုများအပြင် ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ဆရာဝန် တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုစသည့် ပုဂ္ဂလိက စေတနာရှင်များကလည်း ထိုက်တန်စွာချီးမြှင့်ဂုဏ်ပြုလျက်ရှိရာ များစွာကျေနပ်နှစ်သက်ဖွယ် သာဓုခေါ်ဖွယ်ကောင်းလှသည်။

အသက်(၈၀)နှင့်အထက်ရှိ စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး ၁၉၈၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာပေပညာရှင်ကြီးများကိုသာ ကန်တော့ခဲ့ခြင်းဖြစ်ရာ ၁၉၈၀ ပြည့်နှစ်က စာပေပညာရှင်ကြီး ၁၀ ဦးကို စတင်ကန်တော့နိုင်ခဲ့၏။ ၁၉၈၇ ခုနှစ်တွင် ၂၅ ဦးထိရှိလာပြီး ၁၉၈၈ ခုနှစ်အရေးအခင်းကာလနှင့် ၁၉၉၃ ခုနှစ်အတွင်း၌ ကန်တော့ပွဲမကျင်းပဖြစ်ခဲ့ပေ။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးအဖြစ် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှ စတင်ကာ နှစ်စဉ် စာပေသက်ကြီးပူဇော်ပွဲများ ပြန်လည်ကျင်းပနိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှစတင်၍ တစ်ပြည်လုံးမှ စာပေပညာရှင်ကြီးများကို ပင့်ဖိတ်စုဝေးကာ ကန်တော့ခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်တွင် သက်ကြီးစာပေပညာရှင် ၁၀၀ ကျော်အား ကန်တော့ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်က စာပေပညာရှင်ကြီး ၁၈၀ အထိ တိုးမြှင့်ကန်တော့ခဲ့ကြသည်။ ယခုနှစ်တွင် စာပေပညာရှင်ကြီး ၁၈၅ ဦးအား ကန်တော့ရန်စီစဉ်ထားသည်။

သက်ကြီးစာပေပညာရှင်ကြီးများအား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့် ဆေးဝါး၊ စာအုပ်စာပေများကို လှူဒါန်းခဲ့ကြသည်။ ရွှေသံလွင်စကိုင်းနက်ရုပ်သံမှလည်း ရုပ်သံဖမ်းစက်များကို ကန်တော့ခံဆရာကြီး၊ ဆရာမကြီးတို့ အိမ်အရောက်တပ်ဆင်လှူဒါန်းပေးခဲ့သည်။ ယခုနှစ်တွင်လည်း တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီအခြေခံ၍ လှူဒါန်းသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယခင်နှစ်များကကဲ့သို့ပင် နိုင်ငံတော်သမ္မတရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်၊ မန္တလေးမြို့တော်စည်ပင်၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စာရေးဆရာများ၊ ပုဂ္ဂလိကအလှူရှင်များက အလှူငွေများ ပါဝင်လှူဒါန်းကြမည်ဖြစ်သည်။

စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်သည်။ စာအုပ်မျိုးစုံသည် လူသားတို့၏ ခေတ်ကြေးမုံပင်ဖြစ်သည်။ စာအုပ်စာပေသည် လူ့မိတ်ဆွေပင်ဖြစ်သည်။ စာပေမြင့်မှ လူမျိုးမြင့်မည်ဖြစ်သည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်ဖော်ပြနေပေရာ မိမိဘဝ၊ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်းသည် စာပေချစ်စိတ်ရှိပြီး နတ်တော်စာသ စာဆိုလတွင် စာပေနှင့်ယဉ်ကျေးမှု အမျိုးသားရေးလှုပ်ရှားမှုများတွင် တစ်တပ်တစ်အား ပါဝင်ဆင်နွှဲသင့်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ကမ္ဘာ့ခုခံအားကျဆင်းမှု ရောဂါအကြောင်း ဆွေးနွေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆွေးနွေးဟောပြောပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးနှင့် ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်နီနီလှိုင်တို့က HIV, AIDS ရောဂါများအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ကြပြီး ခရိုင်အဆင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဉာဏ်စမ်းပဟေဠိ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် မြောက်ပိုင်းခရိုင်အတွင်း မြို့နယ်များမှ ဆုများရရှိကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းများမှ ကျောင်းသားကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယတိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူအသီးသီးတို့က ပထမ၊ ဒုတိယ၊ တတိယ ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် Care Myanmar အမျိုးသမီးများက Performance များဖြင့် ဖျော်ဖြေတင်ဆက်ကြကာ အခမ်းအနားအပြီးတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ခုခံအားတိုက်ဖျက်ရေးအထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

# အထူးကုန်စည်ခွန်ဥပဒေကြမ်း အပါအဝင် ဥပဒေကြမ်း ၂ ခုကို ဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခုအား ဆွေးနွေးအတည်ပြုခြင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ အထူးကုန်စည်ခွန်ဥပဒေကြမ်း အပါအဝင် ဥပဒေကြမ်း ၂ ခုကို ဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခုအား ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ **အထူးကုန်စည်ခွန်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အခွန်ကောက်ခံခြင်း၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့် ပြည်သူပြည်သားများ၏ စားသုံးမှုကို အခွန်စနစ်နှင့် ထိန်းညှိပေးရန်ဆိုသည့် ရည်ရွယ်ချက်ကို ပိုမိုပီပြင်လာစေရန် လည်းကောင်း၊ အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ တိုက်ရိုက်အခွန်အလေးထားကောက်ခံသည့်စနစ်အစား သွယ်ဝိုက်ခွန်ကို အလေးထားကောက်ခံသည့်စနစ်အဖြစ် တန်ဖိုးဖြည့်အခွန်စနစ်ကို ကျင့်သုံးနိုင်ရန်အတွက် လည်းကောင်း၊ အခြားနိုင်ငံများတွင် အထူးကုန်စည်ခွန်အဖြစ် သီးခြားသတ်မှတ်သည့် ကုန်စည်များအပေါ် အထူးကုန်စည်ခွန်ဥပဒေဖြင့် ကောက်ခံကြသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အထူးကုန်စည်များအပေါ် လက်ရှိကုန်သွယ်လုပ်ငန်းခွန်ဥပဒေဖြင့် ကောက်ခံခြင်းအစား သီးခြားအခွန် ဥပဒေတစ်ရပ်ဖြင့် စီမံခန့်ခွဲခြင်း၊ ကောက်ခံခြင်း ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ အထူးကုန်စည်ခွန်ဥပဒေပြဋ္ဌာန်းနိုင်ရန် ရှင်းလင်းတင်သွင်းသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော် ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။



ဘဏ္ဍာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်



မကွေးတိုင်းဒေသကြီး
ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို

ဆက်လက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် **ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် မကွေးတိုင်းဒေသကြီး ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုက ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များကို လေ့လာစိစစ်ချက်များအရ ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဃ)၊ အပိုဒ် ၂၀၊ အပိုဒ် ၃၂ နှင့် အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့် အပိုဒ် ၃၂ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ် ၂၂ နှင့် အပိုဒ် ၂၅ တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်အတိုင်း လည်းကောင်း ပြဋ္ဌာန်းသင့်ပါကြောင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း**ကို တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပရန်လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်

## လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအပါအဝင် အစီရင်ခံစာ ၄ ခုနှင့် ဥပဒေကြမ်း ၃ ခု ဖတ်ကြားခြင်း၊ အသိပေးခြင်းနှင့် အတည်ပြုခြင်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၁၄)ခုဖြင့် ကျင်းပရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ အပါအဝင် အစီရင်ခံစာ ၄ ခုနှင့် ဥပဒေကြမ်း ၃ ခုတို့ကို ဖတ်ကြားခြင်း၊ အသိပေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော် **ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက ဖတ်ကြားရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။



ချောင်းဦးမဲဆန္ဒနယ်မှ
ဦးစောလှထွန်း



ကျောက်တော် မဲဆန္ဒနယ်မှ
ဦးသာစိန်

ထို့နောက် ပြည်သူ့လွှတ်တော် **အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်က အခွင့်အရေးကော်မတီအနေဖြင့် ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်စဉ်ကာလအတွင်း ကြုံတွေ့ရသည့် အခက်အခဲများကို ယခုထက် ဂရုစိုက်သင့်ပါကြောင်း ဆွေးနွေးရာ လွှတ်တော်က အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် **ပညာရေးမြှင့်တင်မှု** ကော်မတီ၏ အစီရင်ခံစာနှင့် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၏အစီရင်ခံစာ** တို့ကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်

## ဥပဒေကြမ်း (၂)ခုကို ဖတ်ကြားတင်သွင်းခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်း၊ ပယ်ဖျက်ခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ ဥပဒေကြမ်း(၂)ခုကို ဖတ်ကြားတင်သွင်းခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်း၊ ပယ်ဖျက်ခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်က ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍



ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ
ဦးခင်မောင်ရီ

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ လေ့လာတွေ့ရှိချက်များအရ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည့် ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ဤဥပဒေကို လက်တွေ့ကိုင်တွယ်ကျင့်သုံးရမည့် ဦးစီးဌာန၏ အမည်ဖော်ပြချက် မှန်ကန်မှုရှိစေရန် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြုစုရေးဆွဲ၍ လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မတီ၏ သဘောထားမှတ်ချက်အနေဖြင့် ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရန် ကြေညာသည်။

ယင်းသို့ အတည်ပြုရာတွင် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ဖြည့်စွက်ပြင်ဆင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖြည့်စွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ကို ရယူအတည်ပြုသည်။ **(သတင်းစဉ်)**

## ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြု

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ပြီးခဲ့သော နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့ရာ အဘက်ဘက်မှ ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် ည ၇ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(ဂ) ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးရှေ့၌ ကျင်းပခဲ့သည်။

"ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များဟာ အမျိုးသားရေးစိတ်ဓာတ်နဲ့ အမှားအယွင်း အနည်းဆုံးဖြစ်အောင် ကျရာတာဝန်ကို ဝိုင်းဝန်းဆောင်ရွက်ခဲ့လို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်"ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်လွင်က ပြောသည်။

"ရွေးကောက်ပွဲကျင်းပရာမှာလည်း တာဝန်ယူမှုနဲ့ တာဝန်သိမှုစိတ်ဓာတ်နဲ့ တာဝန်ကိုကျေပွန်စွာ ဆောင်ရွက်ခဲ့တဲ့ တာဝန်ရှိသူများ၊ ဆန္ဒမဲ အချိန်မီလာရောက်ပေးကြတဲ့ ပြည်သူများနဲ့ အဘက်ဘက်က ပံ့ပိုးကူညီကြသူများကို ကျေးဇူးတင်ပါတယ်"ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(နယ်မြေတာဝန်ခံ) လဝကဦးစီးမှူး ဦးထိန်လင်းသိန်းက ပြောသည်။

**(ကြေးမုံ)**

### ယနေ့ မိုးလေဝသ

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



### ❒လျှပ်စစ်စွမ်းအားမှ

ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကာ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ပုဂ္ဂလိကအခန်းကဏ္ဍများကိုလည်း အရှိန်အဟုန်မြှင့် ဖော်ဆောင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုလည်ပတ်ရသည့် စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်သစ်များ တိုးတက်ဖြစ်ထွန်းလာခြင်း၊ တိုးမြင့်လာသော လူဦးရေနှင့် ခေတ်မီဖွံ့ဖြိုးလာသော နည်းပညာများအရ လျှပ်စစ်ဓာတ်အားကို မြို့ရွာကျေးလက်ပါမကျန် အသုံးပြုမှုမြင့်မားလာခြင်းတို့ကြောင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လာပါကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းဖြန့်ဖြူးပေးနေသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် လွန်ခဲ့သော (၁၀) နှစ်ကျော်ကတည်းက စီမံချက်များရေးဆွဲတည်ဆောက်ခဲ့သည့် စက်ရုံများဖြစ်ပါကြောင်း၊ ၎င်းစက်ရုံများမှ ထွက်ရှိလာသော ဓာတ်အားများကို ပို့လွှတ်ဖြန့်ဖြူးနိုင်ခြင်းကြောင့် မျက်မှောက်ကာလတွင် လျှပ်စစ်ဓာတ်အားများကို အကျိုးရှိစွာအသုံးချနိုင်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်လာမည့်အနာဂတ်အတွက်လည်း ကြိုတင်၍ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးစီမံကိန်းများကို အသင့်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် တိုးတက်လာစေရေးအတွက် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ တည်ဆောက်ပြီးစီးခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကိုးရုံမှ စက်တပ်ဆင်အင်အား ၆၂၆ မဂ္ဂါဝပ်နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၀ ရုံမှ စက်တပ်ဆင်အင်အား ၈၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ်တို့ကို တိုးချဲ့နိုင်ခဲ့ရာ စုစုပေါင်းစက်တပ်ဆင်အင်အား ၁၅၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ် တိုးတက်လာခဲ့ပါကြောင်း။

ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် ဓာတ်အားပို့လွှတ်ရေးလိုင်း စုစုပေါင်း ၁၃၅၄ ဒသမ ၉၃ မိုင်နှင့် ဓာတ်အားခွဲရုံတပ်ဆင်အင်အား ၁၄၅၄ အမ်ဗွီအေကို တိုးချဲ့တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ထို့ပြင် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင်လည်း မြို့ပေါင်း ၃၉၈ မြို့၊ ရွာပေါင်း ၂၉၃၀၄ ရွာနှင့် အိမ်ထောင်စုပေါင်း ၃ ဒသမ ၅ သန်းမှာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ကြပြီဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၁၁၄၀၆ ဒသမ ၇၆ နှင့် တစ်ဦးချင်း သုံးစွဲမှုပမာဏမှာ တစ်နှစ်လျှင် ၂၂၂ ကီလိုဝပ်နာရီ ရှိလာပြီဖြစ်ပါကြောင်း။

နှစ်စဉ်တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးရန် ဓာတ်အားထုတ်လုပ်မှုအပိုင်း၌ ရေအားလျှပ်စစ်စီမံကိန်း ခုနစ်ခုနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ သုံးရုံတို့အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ၂၀၄၂ ဒသမ ၂ မဂ္ဂါဝပ်ကို လျာထားနှစ်ထက် ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ ၅၀၀ ကေဗွီဓာတ်အားလိုင်း တစ်လိုင်း ၁၄၆ မိုင်၊ ၂၃၀ ကေဗွီဓာတ်အားလိုင်း ခုနစ်လိုင်း ၄၇၈ ဒသမ ၆၀၃ မိုင်၊ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၉ လိုင်း ၆၂၇ ဒသမ ၇၄ မိုင်၊ ၂၃၀ ကေဗွီဓာတ်အားခွဲရုံ လေးရုံ ၅၅၀ အမ်ဗွီအေ၊ ၁၃၂ ကေဗွီဓာတ်အားခွဲရုံ တစ်ရုံ ၆၀ အမ်ဗွီအေနှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံ ၂၉ ရုံ ၂၇၄ အမ်ဗွီအေတို့အား အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ရေဝပ်ဧရိယာမှ ကျေးရွာများရွှေ့ပြောင်းရေးအတွက် စုစုပေါင်းငွေကျပ် ၃၁ ဒသမ ၅၃၄ ဘီလီယံ အကုန်အကျခံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးရွာသစ်နေရာများအတွက် စိုက်ပျိုးမြေ ၈၂၉၇ ဧကခန့် ဖော်ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ကျေးရွာသစ်နေရာအားမြို့သစ်အဖြစ်တည်ထားနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဓာတ်အားပေးစက်နှစ်လုံးမှ တပ်ဆင်စက်အင်အား ၁၄၀ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းခန့်ကို နိုင်ငံတော် မဟာဓာတ်အားကွန်ရက်စနစ်သို့ ပို့လွှတ်ဖြန့်ဖြူးသွားနိုင်ပါကြောင်း၊ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံနှင့် ယခုဖွင့်လှစ်သည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအကြား ပေါင်းလောင်းမြစ်ပေါ်တွင် ၁၀၀ မဂ္ဂါဝပ်ထွက်ရှိမည့် အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ်ဓာတ်အားကို ရာနှုန်းပြည့် အပြည့်အဝရရှိသုံးစွဲနိုင်စေရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (National Electrification Plan)အား ကမ္ဘာ့ဘဏ်အဖွဲ့၏အကူအညီဖြင့် ရေးဆွဲထားပြီးဖြစ်ရာ စီမံချက်အကောင်အထည်ဖော်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများကို ဖွံ့ဖြိုးမှုမိတ်ဖက် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီ၊ နိုင်ငံတော်ဘတ်ဂျက်၊ ပုဂ္ဂလိကပါဝင်မှု စသည့် ဘက်ပေါင်းစုံမှ ပူးပေါင်းမှုများဖြင့် စနစ်တကျထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက အထက်ပေါင်းလောင်းစီမံကိန်းကြောင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာမျက်နှာ ၉ သို့ ❁






## ပြည်တွင်းရေးရာ

❁ စာမျက်နှာ ၈ မှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဓာတ်အားပေး စက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးခင်မောင်စိုးနှင့် ဦးဇေယျာအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ ဓာတ်အားပေးစက်များနှင့် ဓာတ်အားထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပင်မတမံ ရှုရပ်သို့သွားရောက်၍ အထက်ပေါင်းလောင်းပင်မတမံ၊ ရေယူအဆောက်အအုံနှင့် ရေဝပ်ဧရိယာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေလွှဲဥမင်၊ တမံအမျိုးအစား၊ ရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ စက်ရုံရေထုတ်မြောင်း၊ ရေဝပ်ဧရိယာရွှေ့ပြောင်းကျေးရွာများအတွက် အကောင်အထည်ဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှု၊ ဝန်ကြီးဌာနအနေဖြင့် မြစ်ဝှမ်းများအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်နှင့် ဆိုင်းငံ့ထားသည့် ရေအားလျှပ်စစ်စီမံကိန်း အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ပျဉ်းမနားမြို့၏အရှေ့ဘက် ၂၆ မိုင်အကွာရှိ စစ်တောင်းမြစ်၏ မြစ်လက်တက်ဖြစ်သည့် ပေါင်းလောင်းမြစ်ပေါ်တွင် တည်ရှိသည်။

အဆိုပါတမံသည် ကွန်ကရစ်တမံ (RCC Dam)အမျိုးအစားဖြစ်ပြီး အလျား ပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၀၄၂၇၀၀ နှင့် စက်တပ်ဆင်အင်အား ၁၄၀ မဂ္ဂါဝပ်ရှိကာ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်မဟာဓာတ်အားကွန်ရက်သို့ ပို့လွှတ်ဖြန့်ဖြူးသွားမည်ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းပေါ်တွင် ယခုဖွင့်လှစ်လိုက်သည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ဇောင်းတူရေအားလျှပ်စစ်စီမံကိန်း၊ နန်ချိုရေအားလျှပ်စစ်စီမံကိန်း၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းစသည့် စီမံကိန်း ၁၀ ခု တည်ဆောက်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်စုစုပေါင်း ၈၃၀ မဂ္ဂါဝပ်ကို ထုတ်လုပ်နိုင်ပြီဖြစ်သည်။

ထို့ပြင် စစ်တောင်းမြစ်ဝှမ်းပေါ်တွင် ၁၀၀ မဂ္ဂါဝပ်ထွက်ရှိမည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ၁၅၀ မဂ္ဂါဝပ်ထွက်ရှိမည့် သောက်ရေခပ် (၁)ရေအားလျှပ်စစ်စီမံကိန်းနှင့် ၁၆၀ မဂ္ဂါဝပ်ထွက်ရှိမည့် ဘောဂထရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

နိုင်ငံတော် ဓာတ်အားလိုအပ်ချက် ပင်မစီမံချက် (Master Plan)အရ ဓာတ်အားလိုအပ်ချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် ၂၃၅၉၄ မဂ္ဂါဝပ်ဖြစ်ပြီး ၎င်းတွင် ရေအားလျှပ်စစ်ကဏ္ဍမှ စုစုပေါင်း ၈၉၆၅ မဂ္ဂါဝပ် ဆောင်ရွက်ရမည်ဖြစ်၍ အဆိုပါမဂ္ဂါဝပ် ပြည့်မီနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)




အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေပိုလွှဲကို တွေ့ရစဉ်။ (ဓာတ်ပုံ- လျှပ်စစ်)

## စိတ်ပညာဆိုင်ရာစာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ စိတ်ပညာအသင်းက ကြီးမှူး၍ ပထမအကြိမ် စိတ်ပညာသုတေသနစာတမ်းဖတ်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် ဒဂုံတက္ကသိုလ် စိတ်ပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာတင်မာစန်းက **"A Survey of Teenagers Behaviors on the Social Networking Sites"** စာတမ်းနှင့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန လက်ထောက်ကထိက ဦးတင်အောင်မိုးက **"The Role of Role Conflict and Role Ambiguity and Occupational Stress in Job Commitment and Job Satisfaction among Nurses"** စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံစိတ်ပညာအသင်း ဖုန်း ၀၁-၂၃၁၆၈၆၄ သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| နမ့်စန် | ၅ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၅ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၆ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၆ | ဒီဂရီစင်တီဂရိတ် |

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၉ ရက်ထုတ် ကြေးမုံသတင်းစာတွင် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ပြောကြားမှုများကို ကောက်နုတ်ဖော်ပြချက်မှ "အကြံပြုတင်ပြချက်" စာပိုဒ်တွင် "အခွန်ဝန်ထမ်းမိဘပြည်သူတွေအနေနဲ့" အစား "အခွန်ထမ်းမိဘပြည်သူတွေအနေနဲ့"ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **သတင်းအဖွဲ့**


ဦးဇော်မင်းစံ


ဦးဝင်းဘို


ဦးရဲထွန်း


ဦးကျော်မြင့်


ဦးသန်းဌေး


ဦးညွန့်ဝင်း

❂ **ရွှေဖုံးမှ**

တိုးမြင့်လာသော လူဦးရေနှင့် ခေတ်မီဖွံ့ဖြိုးလာသော နည်းပညာများအရ လျှပ်စစ်ဓာတ်အားကို မြို့ ရွာ ကျေးလက်မကျန် အသုံးပြုမှုမြင့်မားလာသည့်အတွက် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းတိုးတက်မှုရှိနေသည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ်ဓာတ်အားကို ရာနှုန်းပြည့် အပြည့်အဝသုံးစွဲနိုင်အောင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ကမ္ဘာ့ဘဏ်အဖွဲ့၏ အကူအညီဖြင့် ရေးဆွဲထားပြီး ဖြစ်သည်။

နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ၁၄၀ မဂ္ဂါဝပ်ထွက်ရှိသည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့် စီမံကိန်းဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာတို့၏ ပြောကြားချက်များကို ဖော်ပြလိုက်ပါသည်-

**ဦးဇော်မင်းစံ၊ တည်ဆောက်ရေး(၁) ဒုတိယညွှန်ကြားရေးမှူး**

ဒီတမံကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဒုတိယမြောက် RCC ကွန်ကရစ်တမံကြီးဖြစ်ပါတယ်။ ပထမကွန်ကရစ်တမံကြီးကတော့ ရဲရွာစီမံကိန်းတမံဖြစ်ပါတယ်။ ဒါကတော့ ဒုတိယမြောက်စီမံကိန်းဖြစ်ပါတယ်။ RCC ကွန်ကရစ်တမံကြီးကို တည်ဆောက်ရာမှာအခက်အခဲတွေရှိခဲ့ပါတယ်။ ဒါပေမယ့် စနစ်တကျ အသေးစိတ်စီမံကွပ်ကဲပြီးတော့ စီမံဆောင်ရွက်ခဲ့လို့ အောင်မြင်ခဲ့ပါတယ်။

စီမံကိန်းရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ ဓာတ်အားကွန်ရက်စနစ်မှာ လျှပ်စစ်ဓာတ်အား ပိုမိုရရှိနိုင်စေဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်၊ စီမံကိန်းဖြစ်ပေါ်လာပုံကတော့ ၁၉၇၄ ခုနှစ်ကတည်းက နော်ဝေအဖွဲ့ကနေ စတင်လေ့လာပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်။ စီမံကိန်းပြီးသွားတဲ့အတွက် နိုင်ငံတော်ရဲ့ ဓာတ်အားကွန်ရက်စနစ်ကို လျှပ်စစ်ဓာတ်အားယူနစ်သန်းပေါင်း ၄၅၄ သန်း တိုးမြှင့်ထုတ်လုပ်နိုင်ပြီးတော့ ဒီဒေသပတ်ဝန်းကျင်ကိုလည်း လျှပ်စစ်ဓာတ်အားနဲ့ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**ဦးဝင်းဘို(ဖနောင်းရွာ)**

ကျွန်တော်တို့ ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသမှာ ဒီရေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံတော်အစိုးရက တည်ဆောက်ဖွင့်လှစ်ပေးတဲ့အတွက် တောင်ပေါ်နေ ကျေးလက်ဒေသအတွက် လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အခွင့်အလမ်းတွေရရှိလာမယ်လို့လည်း ယုံကြည်ပါတယ်။

အခုကျွန်တော်တို့နေတဲ့ သစ်တောစုမှာဆိုရင် မြေသားလမ်းရှိတယ်။ လမ်းအဆင့်မြှင့် ကျောက်ချောလမ်းအဖြစ် တိုးပေးနိုင်မယ်ဆိုရင် စီးပွားရေးတွေ၊ လူမှုရေးတွေပိုပြီးတော့ တိုးတက်ဖွံ့ဖြိုးလာမယ်လို့ ယုံကြည်ပါတယ်။

**ဦးရဲထွန်း(ပင်ရဲကျေးရွာ)**

ဒီစီမံကိန်းကြောင့် ကျွန်တော်တို့ ကျေးရွာတွေအတွက်ကတော့ လမ်းပန်းဆက်သွယ်ရေးတွေ အဓိက ကောင်းမွန်လာပါတယ်။ အခြားအကျိုးကျေးဇူးတွေကတော့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ဆောက်လုပ်တဲ့အတွက် ဓာတ်အားတွေလည်း ပိုပြီးတော့ ထုတ်လုပ်နိုင်မယ်။ ရေကြီးရေလျှံမှုအတွက်လည်း အဓိကကာကွယ်ပေးပါတယ်။ ဒေသခံပြည်သူတစ်ဦးအနေနဲ့ စီမံကိန်းကြီးအောင်မြင်စွာ ပြီးမြောက်သွားတဲ့အတွက် အထူးဝမ်းမြောက်မိပါတယ်။

**ဦးကျော်မြင့်(ပင်ရဲကျေးရွာ)**

နိုင်ငံတော်အစိုးရက တောင်တန်းဒေသတွေမှာ လမ်းတွေဖောက်ပေးတယ်။ ရေအားလျှပ်စစ်စီမံကိန်းတွေလည်း လုပ်ဆောင်ပေးတဲ့အတွက် ဒေသခံပြည်သူတစ်ဦးအနေနဲ့ အတိုင်းထက်အလွန်ပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မမြင်ဖူး၊ မတွေ့ဖူးတာတွေ တွေ့ရတယ်။

ဒီစီမံကိန်းမဖြစ်ပေါ်ခင်ကဆိုရင် ဆန်တစ်ထုပ်ရဖို့ မြို့ပေါ်ကို ခြေကျင်လျှောက်ပြီး ပခုံးထမ်းတွေနဲ့သွားရတယ်။ ဒီစီမံကိန်း အောင်မြင်သွားတဲ့အတွက် ဝမ်းမြောက်ဝမ်းသာလည်းရှိတယ်။ ကျွန်တော်တို့ တစ်ရွာလုံးကလည်း စိတ်ချမ်းသာပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာဆိုရင် အရင်တုန်းက တောင်းရွက်ပြီးအောက်ကိုဆင်းရတယ်။ အခုဆိုရင် ဆိုင်ကယ်နဲ့သွားလည်းရတယ်။ ကားနဲ့သွားလည်းရတယ်။ အခုလျှပ်စစ်မီးပါရတော့မယ်ဆိုတော့ ဝမ်းသာစရာကောင်းပါတယ်။

အခုလို စီမံကိန်းကို အောင်မြင်အောင် တည်ဆောက်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရကို အများကြီးကျေးဇူးတင်ပါတယ်လို့ တစ်ရွာလုံးရဲ့ကိုယ်စား ပြောချင်ပါတယ်။

**ဦးသန်းဌေး(ဖယ်ခုံမြို့နယ်၊ တီကျစ်ကျေးရွာစု၊ ဆင်ကွင်းကျေးရွာ)**

ကျွန်တော်တို့ဆီမှာ ဒီစီမံကိန်းတည်ဆောက်ပေးတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးမှာဆိုရင် အရင်တုန်းက လူသွားလမ်းလောက်ပဲရှိပါတယ်။ အခုနောက်ပိုင်း စီမံကိန်းတည်ဆောက်တဲ့အချိန်ကျတော့ ကားလမ်းတွေပေါက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးအပိုင်းမှာ အများကြီးတိုးတက်လာတာတွေ့ရှိရပါတယ်။

ကျွန်တော်တို့ကျေးရွာမှာ လွန်ခဲ့တဲ့သုံးလေးနှစ်လောက်က ဆိုလာပြားနဲ့ပဲ မီးထွန်းပါတယ်။ တစ်ဒေသလုံးရဲ့ တောင်းဆိုမှုကတော့ လျှပ်စစ်မီးရချင်ကြပါတယ်။ အထက်ပေါင်းလောင်းစီမံကိန်းမှာ တာဝန်ရှိတဲ့သူကလည်း လျှပ်စစ်မီးရအောင်လုပ်ပေးမယ်လို့ ပြောပါတယ်။ ဒေသခံတွေအားလုံးကတော့ ကိုယ့်အရပ်ဒေသကထွက်တဲ့ လျှပ်စစ်မီးမို့ ကိုယ့်ရပ်ရွာကို မီးလင်းစေချင်ပါတယ်။ ကျွန်တော်တို့ဒေသအနေနဲ့ကတော့ ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး အနီးစပ်ဆုံးဖြစ်တဲ့အတွက်၊ ကျောက်ထုတ်လုပ်မှုပမာဏတွေကလည်း ကျွန်တော်တို့ ဒေသကဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက ကျွန်တော်တို့ဒေသကိုလည်း မီးလင်းအောင် လုပ်ပေးပါဦးလို့ တောင်းဆိုချင်ပါတယ်။

**ဦးညွန့်ဝင်း(ပင်လောင်းမြို့နယ်၊ ဟသ်ာကုန်းကျေးရွာ)**

အထက်ပေါင်းလောင်းစီမံကိန်း တည်ဆောက်တဲ့အခါမှာ ကျေးရွာ (၂၃) ရွာဟာ ရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့တဲ့အတွက် ရွှေ့ပြောင်းခဲ့ရပါတယ်။ ကျေးရွာတွေ ရွှေ့ပြောင်းရာမှာ နစ်မြုပ်လယ်ယာမြေတွေအတွက် ထောက်ပံ့ကြေးတွေပေးတယ်။ အစားထိုးလယ်ယာမြေတွေဖော်ထုတ်ပေးတယ်။ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းစတဲ့အများနဲ့ဆိုင်တဲ့ အဆောက်အအုံတွေ ဆောက်လုပ်ပေးတယ်။ ကျေးရွာချင်းဆက်လမ်းနဲ့ ကျေးရွာတွင်းလမ်းတွေ ဖောက်လုပ်ပေးတယ်။ ကျေးရွာတိုင်းလျှပ်စစ်မီးရရှိရေးအတွက် အိမ်တိုင်းအိမ်သုံးမီတာတွေ တပ်ဆင်ပေးပါတယ်။

အခုဆိုရင် ကျွန်တော်တို့ ရွှေ့ပြောင်းကျေးရွာတွေဟာ ကျေးရွာချင်းဆက်လမ်းတွေကြောင့် နေပြည်တော်၊ ပျဉ်းမနားမြို့ကို သုံးနာရီခရီးသာသွားရပြီး ကျွန်တော်တို့ ဒေသထွက်သီးနှံတွေကို လွယ်ကူစွာ သယ်ယူရောင်းဝယ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျေးရွာအနှံ့လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ပြီဖြစ်တဲ့အတွက် အသေးစားစက်မှုထုတ်ကုန်တွေ ထုတ်လုပ်နိုင်ပြီး ဒေသဖွံ့ဖြိုးလာတော့မှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရက တောင်ပေါ်မြေပြန့်မခွဲခြားဘဲ မြို့ကြီးတွေအတွက်သာမက ကျေးလက်ဒေသများကိုပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စေတနာထားဆောင်ရွက်ခဲ့တဲ့အတွက် တံတားသစ်ကြီးတွေ၊ တာတမံတွေ၊ ကားလမ်းသစ်တွေနဲ့ ပြည်သူတွေကို အလင်းရောင်ပေးမယ့် ရေအားလျှပ်စစ်စက်ရုံကြီးတွေ ပေါ်ထွန်းနေပြီဖြစ်ပါတယ်။

သတင်းစဉ်(သတင်းအဖွဲ့)

# နိုင်ငံတကာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သတင်းထုတ်ပြန်

**နေပြည်တော်   ဒီဇင်ဘာ   ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်သော နိုင်ငံတကာလူ့အခွင့်အရေးနေ့ အခါသမယတွင် ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ တစ်နှစ်တာဆောင်ရွက်ချက်များကို ဒီဇင်ဘာ ၁၀ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်အမှတ် (၁၆/၂၀၁၅)ကို ထုတ်ပြန်သည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နေပြည်တော်ကောင်စီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ (၃၁)မြို့နယ်တွင်လည်းကောင်း၊ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင်လည်းကောင်း ဝန်ထမ်းများအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကျင်းပခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(၂)ခုတွင်ဖွင့်လှစ်သော သင်တန်း (၂၃) ခုတွင် လူ့အခွင့်အရေးဘာသာရပ်များပို့ချခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို မြန်မာဘာသာအပြင် ကချင်၊ မွန်နှင့် ရှမ်းတိုင်းရင်းသားဘာသာစကားများဖြင့် ပြန်ဆိုဖော်ပြ၍ ဖြန့်ဝေခြင်း၊ ၎င်းစာတမ်း အပိုဒ် (၂၆)ပါ ပညာသင်ကြားပိုင်ခွင့်နှင့်ပတ်သက်၍ ရုပ်မြင်သံကြားဇာတ်လမ်းတိုရိုက်ကူးထုတ်လွှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ထို့အပြင် လူ့အခွင့်အရေးကာကွယ်ရေးဆိုင်ရာ တိုင်ကြားစာပေါင်း (၁၂၀၀)ကျော် လက်ခံရရှိမှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ခြင်း၊ တိုင်စာအချို့နှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခြင်း၊ အကျဉ်းထောင်နှင့် အလုပ်စခန်းများ၊ အချုပ်ခန်းများအား စစ်ဆေးခြင်းနှင့် အကြံပြုချက်များထုတ်ပြန်ခြင်း၊ လူ့အခွင့်အရေးဘာသာရပ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို UN Women အဖွဲ့နှင့် ပူးပေါင်းကျင်းပခြင်း၊ အရှေ့တောင်အာရှ လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF)နှင့် အာရှ-ပစိဖိတ်ဒေသ လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) စသည့် ဒေသအဆင့် ကော်မရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကော်မရှင်ဥက္ကဋ္ဌသည် မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပသည့် (APF)၏ (၂၀)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် မလေးရှားနိုင်ငံတွင် ကျင်းပသည့် (၁၂) ကြိမ်မြောက် အရှေ့တောင်အာရှ လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) နှစ်ပတ်လည်အစည်းအဝေးများသို့ တက်ရောက်ခြင်း၊ ၂၀၁၆ ခုနှစ် အရှေ့တောင်အာရှ လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဥက္ကဋ္ဌတာဝန်ကို မလေးရှားနိုင်ငံထံမှ လွှဲပြောင်းရယူခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဝန်ထမ်း(၆)ဦးနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဝန်ထမ်း(၁၅) ဦးတို့သည် အပြန်အလှန်သွားရောက်လေ့လာခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေတွင်ပါရှိသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားရှိပြီး ထုတ်ပြန်ချက်အပြည့်အစုံကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဝက်ဘ်ဆိုက် www.mnhrc.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းပြိုင်ပွဲပြီးဆုံး

## မြန်မာအားကစားအဖွဲ့ ရွှေ ၁၆ ခု၊ ငွေ ၁၇ ခု၊ ကြေး ၂၉ ခု ဆွတ်ခူး

**စင်ကာပူ   ဒီဇင်ဘာ   ၉**

စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှာ ယနေ့ပြီးဆုံးခဲ့ပြီဖြစ်ပြီး မြန်မာအားကစားအဖွဲ့မှာ ရွှေ ၁၆ ခု၊ ငွေ ၁၇ ခု၊ ကြေး ၂၉ ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့သည် ပြိုင်ပွဲနောက်ဆုံးနေ့တွင် ခုနစ်ယောက်ဘောလုံးပြိုင်ပွဲတွင် ငွေတစ်ခု၊ Boccia ပြိုင်ပွဲတွင် ကြေးတစ်ခု ရယူနိုင်ခဲ့သည်။ ခုနစ်ယောက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာနှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာအသင်းမှာ သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းမှာ ရွှေတံဆိပ်ကာကွယ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးခဲ့ရပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စုပွဲစဉ် တွေ့ဆုံစဉ်ကလည်း ထိုင်းအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ကြေးတံဆိပ်ဆုကို Boccia ပြိုင်ပွဲ Mixed Team ပြိုင်ပွဲ၌ ရရှိခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် မြန်မာအားကစားအဖွဲ့အတွက် အားကစားနည်း ကိုးမျိုး၌ ဆုတံဆိပ်ရယူနိုင်ခဲ့ပြီး ရေကူးအဖွဲ့က ရွှေကိုးခု၊ ငွေ ခုနစ်ခု၊ ကြေး ခုနစ်ခုဖြင့် အအောင်မြင်ဆုံးအားကစားအဖွဲ့အဖြစ် ရပ်တည်နိုင်ခဲ့သည်။ စစ်တုရင်အဖွဲ့က ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးသုံးခု၊ ရေကူးအဖွဲ့က ရွှေသုံးခု၊ ငွေခြောက်ခု၊ ကြေး ၁၄ ခု၊ ခုနစ်ယောက်ဘောလုံးနှင့် မြားပစ်အဖွဲ့တို့က ငွေတစ်ခုစီ၊ စားပွဲတင်တင်းနစ်အဖွဲ့က ကြေးနှစ်ခု၊ Goalball၊ Boccia နှင့် ဘိုးလင်းအဖွဲ့တို့က ကြေးတစ်ခုစီ ရယူနိုင်ခဲ့သည်။ (၈) ကြိမ်မြောက် အာဆီယံ မသန်စွမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ပြီး ထိုင်းနိုင်ငံက နိုင်ငံအလိုက် ပထမနေရာရရှိခဲ့သည်။

**(ရှိုင်းထက်ဇော်)**

ပြည်တွင်းရေးရာ

# ၂၀၁၅ အထွေထွေရွေးကောက်ပွဲအကြောင်း သိကောင်းစရာ

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၈-၁၁-၂၀၁၅ ရက်နေ့က တည်ငြိမ်အေးချမ်းစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပါသည်။ ယင်းရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များ၊ အချက်အလက် ကိန်းဂဏန်းများကို မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ တစုတစည်းတည်း လေ့လာနိုင်ရန် ဖော်ပြလိုက်ပါသည်။**

တက္ကသိုလ်ဆရာတစ်ဦး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(ကော်မရှင်)က ၁-၇-၂၀၁၅ ရက်နေ့တွင် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များကို ကြေညာခဲ့ပြီးနောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ၈-၇-၂၀၁၅ ရက်နေ့က ကြေညာခဲ့သည်။ (ရွေးကောက်ပွဲမကျင်းပမီ ၁၂၃ ရက်ကြိုတင်၍ ကြေညာခဲ့ခြင်းဖြစ်သည်။)

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administrative Division - SAD)/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administrative Zone - SAZ) တစ်ခုစီအတွက် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးထားသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ဖြင့် စုစည်းထားသော 'နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ'ကို စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်အမှတ်(၁၂) အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ဖြင့် စုစည်းထားသော 'ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ကို ရှမ်းပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၈) အဖြစ်လည်းကောင်း၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ဖြင့် စုစည်းထားသော 'ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ' ကို အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၉)အဖြစ် လည်းကောင်း၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ဖြင့် စုစည်းထားသော 'ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ'ကို အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၀) အဖြစ်လည်းကောင်း၊ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ဖြင့် စုစည်းထားသော 'ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ကို အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁) အဖြစ်လည်းကောင်း၊ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း(ပန်ခမ်း)မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်အဖြစ် စုစည်းထားသော 'ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း'ကို အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)အဖြစ် လည်းကောင်း သတ်မှတ်ခဲ့သည်။ ပြည်ထောင်စုနယ်မြေကို မန္တလေးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှစ်နယ် သတ်မှတ်ခဲ့ပြီး ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ကို မဲဆန္ဒနယ်အမှတ် (၉)အဖြစ်လည်းကောင်း၊ တပ်ကုန်းမြို့နယ်နှင့် သီရိ ငါးမြို့နယ်ကို မဲဆန္ဒနယ်အမှတ် (၁၀)အဖြစ် လည်းကောင်း သတ်မှတ်ခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မြို့နယ်တစ်မြို့နယ်တွင် မဲဆန္ဒနယ်နှစ်နယ်စီ သတ်မှတ်ထားသော်လည်း နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ရှိသော ပြည်ထောင်စုနယ်မြေ (တပ်ကုန်း၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ ပျဉ်းမနားနှင့် လယ်ဝေး - ပေါင်း ရှစ်မြို့နယ်)အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ရန် မလိုအပ်ခြင်းကြောင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်တွင် မဲဆန္ဒနယ်(၇၂)နယ်ရှိရမည့်အစား မဲဆန္ဒနယ်(၅၆) နယ်သာ ရှိသည်။ ထို့ကြောင့် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် တစ်နိုင်ငံလုံး၌ မဲဆန္ဒနယ်(၆၆၀) ရှိရမည့်အစား မဲဆန္ဒနယ် (၆၄၄)နယ်သာရှိသည်။

ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ထိုတိုင်းဒေသကြီး/ပြည်နယ်က ရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီး/ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသား လူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် ယင်းတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီရရှိသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁၄၁၉၄၂၀ (၅၁ ဒသမ ၄၂ သန်းခန့်) ဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုခုတွင် လူဦးရေ ၅၁၄၁၉ ဦးနှင့်အထက်ရှိသော တိုင်းရင်းသားလူမျိုးတစ်မျိုး (အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိထားသော တိုင်းရင်းသား လူမျိုးများမှအပ) သည် ၎င်းတို့၏ လူမျိုးအတွက် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရရှိသည်။ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်အသီးသီးတွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ရရှိခဲ့ကြသော တိုင်းရင်းသားလူမျိုးများ စာရင်းကို ဇယား(၁)တွင် ဖော်ပြထားပါသည်။ ထိုဇယားအရ မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ပေါင်း ၂၉ ဦးရှိပြီး ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦးအထိရှိခဲ့သော်လည်း ချင်းပြည်နယ်တွင်မူ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမျှ မရှိခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ (တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁-၇-၂၀၁၅ ရက်နေ့က ကြေညာချက်အမှတ် ၂၅/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့သည်။)

ကော်မရှင်က လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကို ၈-၇-၂၀၁၅ ရက်နေ့က ကြေညာခဲ့သည်။ အမည်စာရင်း တင်သွင်းရမည့် နောက်ဆုံးနေ့ရက်သည် ၈-၈-၂၀၁၅ ရက်နေ့ဖြစ်သော်လည်း တိုင်းဒေသကြီးအချို့နှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် နောက်ဆုံးနေ့ရက်ကို ၁၄-၈-၂၀၁၅ ရက်နေ့ထိ တိုးမြှင့်ပေးခဲ့သည်။ ထို့နောက် သတ်မှတ်ကာလအတွင်း အမည်စာရင်းတင်သွင်းထားခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများအား စိစစ်မည့် နေ့ရက်နှင့် ရုပ်သိမ်းနိုင်သည့် နေ့ရက်များကို ကြေညာခြင်း၊ စိစစ်ပြီး ယှဉ်ပြိုင်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာခြင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ဆက်လက်ဆောင်ရွက်ခဲ့သည်။

ကော်မရှင်က နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်းကို ၈-၉-၂၀၁၅ ရက်နေ့မှ ၆-၁၁-၂၀၁၅ ရက်နေ့အထိ ရက်ပေါင်း (၆၀) သတ်မှတ်ပေးခဲ့သည်။ မဲဆွယ်စည်းရုံးခြင်းများကို ၆-၁၁-၂၀၁၅ ရက်နေ့ ည ၁၂ နာရီတွင် ရပ်တန့်ရန်ဖြစ်ပြီး ၇-၁၁-၂၀၁၅ ရက်နေ့ကို Silent Day အဖြစ် သတ်မှတ်ပေးခဲ့သည်။ ရွေးကောက်ပွဲနေ့တွင် နိုင်ငံရေးပါတီအချင်းချင်း ပဋိပက္ခ မဖြစ်စေရေးအတွက် မဲဆွယ်စည်းရုံးသည့် အရှိန်အဟုန်ကို လျော့ကျစေရန်ဖြစ်ပါသည်။ ထို့ပြင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအား ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုခဲ့ရာ နိုင်ငံရေးပါတီအသီးသီးက ၈-၉-၂၀၁၅ ရက်နေ့မှ ၆-၁၁-၂၀၁၅ ရက်နေ့အထိ အလှည့်ကျ ဟောပြောခဲ့ကြသည်။

ကော်မရှင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ပြည်သူ့လွှတ်တော်၌ မဲဆန္ဒနယ် ၃၃၀ ရှိသည့်အနက် မဲဆန္ဒနယ် ၃၂၃ နယ်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်၌ မဲဆန္ဒနယ် ၁၆၈ နယ်တွင်လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၌ မဲဆန္ဒနယ် ၆၇၃ နယ်(တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ် အပါအဝင်)ရှိသည့်အနက် မဲဆန္ဒနယ် ၆၅၉ နယ်တွင်လည်းကောင်း ကျင်းပပေးခဲ့သည်။ ထို့နောက် လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ၉-၁၁-၂၀၁၅ ရက်နေ့မှ ၂၀-၁၁-၂၀၁၅ ရက်နေ့အထိ ထုတ်ပြန်ကြေညာပေးခဲ့သည်။

ပြည်သူ့လွှတ်တော်တွင် မဲဆန္ဒနယ် ၃၃၀ ရှိသည့်အနက် ရှမ်းပြည်နယ်မှ ပန်ဆန်း(ပန်ခမ်း)၊ နားဖန်း၊ ပန်ဝိုင်၊ မိုင်းမော၊ မိုင်းရျူး၊ ကျေးသီးနှင့် မိုင်းလားမြို့နယ် ခုနစ်မြို့နယ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပပေးရန် အခြေအနေမရှိသဖြင့် မဲဆန္ဒနယ် ၃၂၃ နယ်တွင်သာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုနည်းတူပင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် အပါအဝင် မဲဆန္ဒနယ် ၆၇၃ နယ်ရှိသည့်အနက် အထက်ဖော်ပြပါ မြို့နယ်ခုနစ်မြို့နယ်မှ မဲဆန္ဒနယ် ၁၄နယ်တွင် ရွေးကောက်ပွဲ မကျင်းပနိုင်သည့်အတွက် အဆိုပါ လွှတ်တော်၌ မဲဆန္ဒနယ် ၆၅၉ နယ်သာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၇၂၉ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၉ ဦး စုစုပေါင်း ၆၀၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ပြည်သူ့လွှတ်တော်တွင် ၃၁၆ ဦး၊ အမျိုးသားလွှတ်တော်တွင် ၁၆၃ ဦး၊ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် ၆၁၆ ဦးနှင့် တိုင်းရင်းသားလူမျိုး ၂၉ ဦး စုစုပေါင်း ၁၁၂၄ ဦးဖြင့် အများဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော်တွင် ၃၁၆ ဦး၊ အမျိုးသားလွှတ်တော်တွင် ၁၆၄ ဦး၊

**စာမျက်နှာ ၁၂ သို့ ✳**

**ဇယား ၁ - တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော်များအလိုက် ရရှိခဲ့သော တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ဦးရေစာရင်း**

| စဉ် | တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး |
|---|---|---|
| ၁ | ကချင်ပြည်နယ်လွှတ်တော် | ဗမာ၊ ရှမ်း၊ လီဆူးနှင့်ရဝမ် - ပေါင်း ၄ ဦး |
| ၂ | ကယားပြည်နယ်လွှတ်တော် | ဗမာ - ပေါင်း ၁ ဦး |
| ၃ | ကရင်ပြည်နယ်လွှတ်တော် | ဗမာ၊ မွန်နှင့် ပအိုးဝ် - ပေါင်း ၃ ဦး |
| ၄ | ချင်းပြည်နယ်လွှတ်တော် | - မရှိ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် | ရှမ်း နှင့် ချင်း - ပေါင်း ၂ ဦး |
| ၆ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် | ကရင် - ပေါင်း ၁ ဦး |
| ၇ | ပဲခူးတိုင်းဒေသကြီးလွှတ်တော် | ကရင် - ပေါင်း ၁ ဦး |
| ၈ | မကွေးတိုင်းဒေသကြီးလွှတ်တော် | ချင်း - ပေါင်း ၁ ဦး |
| ၉ | မန္တလေးတိုင်းဒေသကြီးလွှတ်တော် | ရှမ်း - ပေါင်း ၁ ဦး |
| ၁၀ | မွန်ပြည်နယ်လွှတ်တော် | ဗမာ၊ ပအိုးဝ်နှင့် ကရင် - ပေါင်း ၃ ဦး |
| ၁၁ | ရခိုင်ပြည်နယ်လွှတ်တော် | ချင်း - ပေါင်း ၁ ဦး |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | ကရင် နှင့် ရခိုင် - ပေါင်း ၂ ဦး |
| ၁၃ | ရှမ်းပြည်နယ်လွှတ်တော် | ဗမာ၊ ကချင်၊ လီဆူး၊ လားဟူ၊ အင်း၊ ကော်(အခါ)နှင့်ကယန်း(ပဒေါင်) - ပေါင်း ၇ ဦး |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် | ကရင် နှင့် ရခိုင် - ပေါင်း ၂ ဦး |
| | **စုစုပေါင်း** | ၂၉ ဦး |






## ပြည်တွင်းရေးရာ

✱ စာမျက်နှာ ၁၁ မှ

တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် ၆၁၃ ဦးနှင့် တိုင်းရင်းသားလူမျိုး ၂၉ ဦး စုစုပေါင်း ၁၁၂၂ ဦးဖြင့် ဒုတိယအများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီဖြစ်သည်။ နိုင်ငံရေးပါတီများ များသည်နှင့်အမျှ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေလည်း များသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အများဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ် နှစ်နယ်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၁)နှင့် တိုင်းဒေသကြီးလွှတ်တော် လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တို့ ဖြစ်ကြသည်။ ယင်းမဲဆန္ဒနယ်များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄ ဦးအထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပခဲ့စဉ်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်များတွင် နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ်ဦးရေကို ဇယား(၂)တွင် ဖော်ပြထားပါသည်။ ၎င်းဇယားအရ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီ ၉၁ ပါတီအနက် နိုင်ငံရေးပါတီ ၂၂ ပါတီသာ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ လွှတ်တော်သုံးရပ်တွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၁၅၀ ရှိသည့်အနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၈၈၆ ဦး ရွေးချယ်ခံခဲ့ရခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၇၇ ဒသမ ၀၄ ရှိပြီး ဒုတိယအများဆုံး ရွေးချယ်ခံခဲ့ရသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခံရမှုသည် ရာခိုင်နှုန်းအားဖြင့် ၁၀ ဒသမ ၁၇ ရှိသည်။ ထို့ပြင် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၉ ဦး ဝင်ရောက်ယှဉ်ပြိုင်သည့်အနက် ငါးဦးသာ ရွေးကောက်ခံရသည်။

လွှတ်တော်သုံးရပ်တွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၁၅၀ ရှိသည့်အနက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုအနေဖြင့် ပြည်သူ့လွှတ်တော်တွင် ၄၂ ဦး၊ အမျိုးသားလွှတ်တော်တွင် ၂၃ ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် ၈၄ ဦး ပေါင်း ၁၄၉ ဦးရှိခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၉၆ ရှိသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် မဲဆန္ဒရှင်ပေါင်း ၃၄၂၉၅၃၃၄ ဦးရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် မန္တလေးတိုင်းဒေသကြီးသည် မဲဆန္ဒရှင်အများဆုံးရှိသည့် တိုင်းဒေသကြီးဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း ၅၁၇၇၃၃၉ ဦးရှိသည်။ ကယားပြည်နယ်သည် မဲဆန္ဒရှင်အနည်းဆုံး ပြည်နယ်ဖြစ်ကာ မဲဆန္ဒရှင်ပေါင်း ၁၇၈၃၁၆ ဦးသာ ရှိသည်။ မြို့နယ် ၃၂၃ နယ်အနက် ရန်ကုန်တိုင်းဒေသကြီးမှ လှိုင်သာယာမြို့နယ်နှင့် ကိုကိုးကျွန်းမြို့နယ်များသည် မဲဆန္ဒရှင်အများဆုံးမြို့နယ်နှင့် မဲဆန္ဒရှင်အနည်းဆုံးမြို့နယ်များဖြစ်ကြသည်။ လှိုင်သာယာမြို့နယ်တွင် မဲဆန္ဒရှင်ပေါင်း ၄၅၄၃၀၇ ဦးရှိသော်လည်း ကိုကိုးကျွန်းမြို့နယ်တွင်မူ မဲဆန္ဒရှင်ပေါင်း ၁၅၇၃ ဦးသာရှိသည်။

ပြည်သူ့လွှတ်တော်၌ မဲဆန္ဒရှင်ပေါင်း ၂၃၉၁၁၇၈၄ ဦး မဲပေးခဲ့သဖြင့် ပြည်သူ့လွှတ်တော်အတွက် မဲပေးမှုရာခိုင်နှုန်းမှာ ၆၉ ဒသမ ၇၂ ဖြစ်ပြီး အမျိုးသားလွှတ်တော်၌ ဆန္ဒမဲပေးသူပေါင်း ၂၃၉၄၆၇၀၉ ဦးရှိခဲ့သဖြင့် အမျိုးသားလွှတ်တော်အတွက် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၆၉ ဒသမ ၈၂ ဖြစ်သည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုး မဲဆန္ဒရှင် ၃၇၁၉၈၄၆ ဦးအပါအဝင် မဲဆန္ဒရှင်ပေါင်း ၃၈၀၁၅၁၈၀ ရှိခဲ့ပြီး ဆန္ဒမဲပေးသူပေါင်း ၂၆၃၆၈၄၆၇ ဦးရှိခဲ့သဖြင့် ယင်းလွှတ်တော်အတွက် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၆၉ ဒသမ ၃၆ ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတွက် ပျမ်းမျှမဲပေးမှု ရာခိုင်နှုန်းမှာ ၆၉ ဒသမ ၆၃ ဖြစ်သည်။ မကွေးတိုင်းဒေသကြီးသည် မဲပေးမှုရာခိုင်နှုန်း ၇၆ ဒသမ ၆ ဖြင့် မဲပေးမှုအများဆုံး တိုင်းဒေသကြီးဖြစ်ပြီး ကရင်ပြည်နယ်သည် မဲပေးမှု ၄၆ ဒသမ ၇၃ ရာခိုင်နှုန်းဖြင့် မဲပေးမှုအနည်းဆုံး ပြည်နယ်ဖြစ်သည်။

ကြိုတင်မဲပေးမှု ရာခိုင်နှုန်းများမှာ ပြည်သူ့လွှတ်တော်တွင် ၆ ဒသမ ၄၅ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်တွင် ၆ ဒသမ ၀၆ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် ၆ ဒသမ ၀၃ ရာခိုင်နှုန်း အသီးသီးရှိသောကြောင့် ပျမ်းမျှကြိုတင်မဲပေးမှုရာခိုင်နှုန်းသည် ၆ ဒသမ ၁၈ ဖြစ်သည်။ ထို့ပြင် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်းများမှာ ပြည်သူ့လွှတ်တော်တွင် ၆ ဒသမ ၂၅၊ အမျိုးသားလွှတ်တော်တွင် ၅ ဒသမ ၁၅ နှင့် တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်တွင် ၄ ဒသမ ၈ အသီးသီးဖြစ်သည်။ ထို့ကြောင့် ပျမ်းမျှပယ်မဲ၊ ပျောက်မဲ ရာခိုင်နှုန်းသည် ၅ ဒသမ ၄ ဖြစ်သည်။ (၂၀၁၀ အထွေထွေရွေးကောက်ပွဲကျင်းပစဉ်က ကြိုတင်မဲ ၈ ဒသမ ၈၅ ရာခိုင်နှုန်းရှိခဲ့ကာ ပယ်မဲ၊ ပျောက်မဲ ၆ ဒသမ ၇၄ ရာခိုင်နှုန်း ရှိခဲ့သည်။)

ထို့ပြင် တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း ၄၀၁၄၀ ရှိပြီး မဲဆန္ဒရှင်ပေါင်း ၃၄၂၉၅၃၃၄ ဦးရှိသဖြင့် မဲရုံတစ်ရုံလျှင် ပျမ်းမျှမဲဆန္ဒရှင်ပေါင်း ၈၅၅ ဦးခန့် ရှိခဲ့သည်။

ယခု ရွေးကောက်ပွဲကို နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသာမက မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင်များမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ လေ့လာခဲ့ကြသည်။ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း ခြောက်ဖွဲ့နှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်း ကိုးဖွဲ့မှ စောင့်ကြည့်လေ့လာသူပေါင်း ၇၆၄ ဦးနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ၅၃ ဖွဲ့မှ စောင့်ကြည့်လေ့လာသူပေါင်း ၁၁၃၇၀ တို့က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု၊ ကြိုတင်ဆန္ဒမဲပေးမှုများနှင့် မဲရုံများတွင် ဆန္ဒမဲပေးမှုများကို စောင့်ကြည့်လေ့လာခဲ့ကြသည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များတွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိကာ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်ကြောင်း၊ ချို့ယွင်းချက်အနည်းအကျဉ်းသာ တွေ့ရှိရကြောင်း ဖော်ပြထားပါသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ယခုကျင်းပပြီးစီးခဲ့သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများမှ အတွေ့အကြုံများကို ပြန်လည်ဆန်းစစ်ပြီး အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကာ အားနည်းချက်များကို ပြုပြင်ခြင်းဖြင့် မြန်မာနိုင်ငံ၌ နောင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပပေးနိုင်မည်ဖြစ်ပါသည်။ ။

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ**
**ပါတီအလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် စာရင်းချုပ်**

| စဉ် | ပါတီအမည် | ပြည်သူ့ | အမျိုးသား | တိုင်း/ပြည် | တိုင်းရင်းသား | ပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၅ | ၁၃၅ | ၄၇၅ | ၂၁ | ၈၈၆ | ၇၇.၀၄ |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀ | ၁၁ | ၇၄ | ၂ | ၁၁၇ | ၁၀.၁၇ |
| ၃ | ရခိုင်အမျိုးသားပါတီ | ၁၂ | ၁၀ | ၂၂ | ၁ | ၄၅ | ၃.၉၁ |
| ၄ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂ | ၃ | ၂၅ | | ၄၀ | ၃.၄၈ |
| ၅ | တအာင်း (ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၇ | | ၁၂ | ၁.၀၄ |
| ၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | ၃ | ၁ | ၆ | | ၁၀ | ၀.၈၇ |
| ၇ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ | ၂ | ၂ | | ၆ | ၀.၅၂ |
| ၈ | တစ်သီးပုဂ္ဂလ | ၁ | ၂ | ၁ | ၁ | ၅ | ၀.၄၃ |
| ၉ | လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၂ | | ၂ | ၁ | ၅ | ၀.၄၃ |
| ၁၀ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ | | ၃ | | ၄ | ၀.၃၅ |
| ၁၁ | မွန်အမျိုးသားပါတီ | | ၁ | ၂ | | ၃ | ၀.၂၆ |
| ၁၂ | "ဝ" ဒီမိုကရက်တစ်ပါတီ | ၁ | | ၂ | | ၃ | ၀.၂၆ |
| ၁၃ | တိုင်းလိုင် (ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | ၁ | ၁ | ၂ | ၀.၁၇ |
| ၁၄ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | ၁ | ၁ | ၂ | ၀.၁၇ |
| ၁၅ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၁ | | ၁ | | ၂ | ၀.၁၇ |
| ၁၆ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | | ၁ | | | ၁ | ၀.၀၉ |
| ၁၇ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | | | ၁ | | ၁ | ၀.၀၉ |
| ၁၈ | ကရင်ပြည်သူ့ပါတီ | | | ၁ | | ၁ | ၀.၀၉ |
| ၁၉ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | | | ၁ | | ၁ | ၀.၀၉ |
| ၂၀ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | | | ၁ | | ၁ | ၀.၀၉ |
| ၂၁ | "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | | | ၁ | | ၁ | ၀.၀၉ |
| ၂၂ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) | | | ၁ | | ၁ | ၀.၀၉ |
| ၂၃ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | | ၁ | ၁ | ၀.၀၉ |
| | စုစုပေါင်း | ၃၂၃ | ၁၆၈ | ၆၃၀ | ၂၉ | ၁၁၅၀ | |

မှတ်ချက်။
ပြည်သူ့ - ပြည်သူ့လွှတ်တော်
အမျိုးသား - အမျိုးသားလွှတ်တော်
တိုင်း/ပြည် - တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်

## စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် သတ်မှတ်ချက်နှင့်ကိုက်ညီအောင် ဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက် အမည် | အမှတ် တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | ငရုတ်ဆီ | Five Star | အဏုဇီဝသတ်မှတ်ချက် နှင့် ကိုက်ညီမှုမရှိပါ |
| ၂။ | ငရုတ်ဆီ | ဟိန်းကြွယ် | အဏုဇီဝသတ်မှတ်ချက် နှင့် ကိုက်ညီမှုမရှိပါ |
| ၃။ | မက်မန်းသီး (အသေး) | ချစ်ကလေး | အဏုဇီဝသတ်မှတ်ချက် နှင့် ကိုက်ညီမှုမရှိပါ |
| ၄။ | ငရုတ်ဆီ | ထူးရှယ်(ရေနဂါး) | Orange II (ခွင့်မပြုဆိုးဆေး) |
| ၅။ | မျှင်ငါးပိ | မော်လီစိန် | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၆။ | ငရုတ်သီးမှုန့် | ပြည့်စုံ | Sudan II (ခွင့်မပြုဆိုးဆေး) |
| ၇။ | ရောင်စုံ တုတ်ထိုးချိုချဉ် | Social | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၈။ | တုတ်ထိုးချိုချဉ် စုပ်ပြား(လိမ္မော်ရောင်) | မပါရှိပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |

**ကျန်းမာရေးဝန်ကြီးဌာန**
*(ဆက်လက်ဖော်ပြပါမည်)*

ထူးရှယ်(ရေနဂါး) အမှတ်တံဆိပ် ငရုတ်ဆီ




ချစ်ကလေးအမှတ်တံဆိပ် မက်မန်းသီး (အသေး



ဟိန်းကြွယ် အမှတ်တံဆိပ် ငရုတ်ဆီ



Firve Star အမှတ်တံဆိပ် ငရုတ်ဆီ



## အားကစား

# လက်စတာစီးတီးအမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ဦးမလား စောင့်ကြည့်ရမယ်...

### ပရီမီယာလိဂ်ရင်ခုန်သံ – ၁၆

ပရီမီယာလိဂ်ပွဲစဉ် (၁၅) မှာတော့ မန်စီးတီး၊ မန်ယူ၊ စပါးတို့နိုင်ပွဲပျောက်ဆုံးခဲ့ကြရပြီး လက်စတာက အမှတ်ပေးဇယားထိပ်ဆုံးသို့ ပြန်ရောက်လာတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ မန်ယူ၊ မန်စီးတီးတို့နိုင်ပွဲ ပြန်ရမလား ဆိုတာ အပြင်လက်စတာအနေနဲ့လည်း ထိပ်ဆုံးမှာ ဆက်ရှိနိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။

ရှိုင်းမင်းမင်း



**နော့ဝှစ်ချ် - အဲဗာတန်** ည ၇း၁၅(၁၂-၁၂-၁၅)

နော့ဝှစ်ချ်ရဲ့ ခြေကထင်သလောက် တည်ငြိမ်မှု မရှိပါဘူး။ ပွဲစဉ် ၁၅ မှာ ဝက်ဖို့ဒ်ကိုတောင် ရှုံးနိမ့်ခဲ့ရပြီး တိုက်စစ်ကစားပုံလည်း အားနည်းတာကြောင့် အဲဗာတန်ကို တုံ့ပြန်ကစားနိုင်ဖို့ခက်ပါတယ်။ နော့ဝှစ်ချ်အိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုကောင်းတဲ့ အဲဗာတန်ကသာနိုင်ပွဲရယူသွားဖို့ ရှိပါတယ်။

**ပဲလေ့စ် - ဆောက်သမ်တန်** ည ၉း၃၀(၁၂-၁၂-၁၅)

အက်စ်တွန်ဗီလာနဲ့သရေကျပြီး အမှတ်ထပ်မံဆုံးရှုံးခဲ့ရတာကြောင့် ဆောက်သမ်တန်ဟာဒီပွဲစဉ်မှာ အားစိုက်ကစားဖို့ရှိနေပါတယ်။ ဒါပေမယ့် ပဲလေ့စ်ကလည်း အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားမှာဖြစ်တာကြောင့် ဆောက်သမ်တန်တို့ လွယ်လွယ်အသာမရနိုင်ပါဘူး။

**ဝက်စ်ဟမ်း - စတုတ်** ည ၉း၃၀(၁၂-၁၂-၁၅)

မန်စီးတီးကို အနိုင်ယူခဲ့တဲ့ စတုတ်ခြေက ကောင်းမွန်ပါတယ်။ ဒါပေမယ့် စတုတ်ဟာ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် တိုက်စစ်အဆုံးသတ်ပိုင်းအားနည်းတတ်တာ သတိပြုရမှာပါ။ ဝက်စ်ဟမ်းကလည်းခြေစွမ်းကောင်းနေပြီး အိမ်ကွင်းဖြစ်နေပါတယ်။ သရေကျဖို့ များတဲ့ပွဲလို့ ယူဆမိတယ်။

**မန်စီးတီး - ဆွမ်ဆီး** ည ၉း၃၀(၁၂-၁၂-၁၅)

စတုတ်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် မန်စီးတီးတို့ အမှတ် ပြန်လည်ရယူနိုင်ရေး အိမ်ကွင်းမှာ အမှားခံမှာ မဟုတ်ပါဘူး။ မန်စီးတီးမှာ အဓိကကစားသမားအချို့ ဒဏ်ရာရရှိနေပေမယ့် ဆွမ်ဆီးကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း ပျက်ယွင်းနေပါတယ်။ မန်စီးတီးပဲအိမ်ကွင်းမှာနိုင်ပွဲပြန်ရမှာပါ။

**ဆန်းဒါးလန်း-ဝက်ဖို့ဒ်** ည ၉း၃၀(၁၂-၁၂-၁၅)

ဒီနောက်ပိုင်းမှာ ဆန်းဒါးလန်းကစားပုံကောင်းမွန်လာခဲ့ပါတယ်။ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းက အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပါတယ်။ ဝက်ဖို့ဒ်ကလည်း အခုနောက်ပိုင်း ကစားပုံကောင်းမွန်နေပေမယ့် ဆန်းဒါးလန်းကွင်းဖြစ်လို့ ဆန်းဒါးလန်းပဲနိုင်ပွဲရသွားမှာပါ။

**ဘုန်းမောက် - မန်ယူ** နံနက် ၀၀း၀၀ (၁၃-၁၂-၁၅)

ဝက်စ်ဟမ်းကို အနိုင်မရခဲ့တဲ့အတွက် မန်ယူတို့ ဒီပွဲစဉ်မှာ နိုင်ပွဲရဖို့ ခြေကုန်ထုတ်မှာပါ။ ဒါပေမယ့် မန်ယူဟာ ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာဖို့ရှိနေသလို တိုက်စစ်ပိုင်းကလည်း အဆုံးသတ်မသေချာတာတွေ့ရပါတယ်။ ဘုန်းမောက်ခြေကလည်း မဆိုးတာကြောင့် မန်ယူနိုင်ရင်တောင်မပြတ်သားဘူး။

**အက်စတွန်ဗီလာ - အာဆင်နယ်** ည ၇း၀၀ (၁၃-၁၂-၁၅)

အာဆင်နယ်အနေနဲ့ အမှတ်ပေးဇယားထိပ်ဆုံးက လက်စတာကို ဖိအားပေးနိုင်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ ဒါပေမယ့် ဗီလာဟာ အခုနောက်ပိုင်းမှာ ကစားပုံမဆိုးသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အာဆင်နယ်ကလည်း ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်လို့ အာဆင်နယ်ကပ်ပြီးသာ အနိုင်ရမယ်။

**စပါး - နယူးကာဆယ်** ည-၁၀း၃၀ (၁၃-၁၂-၁၅)

စပါးဟာ ပွဲစဉ်(၁၅)မှာတုန်းက ဝက်စ်ဘရွန်းကို အနိုင်မယူနိုင်ခဲ့ဘဲ သရေသာကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲပြန်ရရေး အားစိုက်လာမှာပါ။ ဒ့ါအပြင် နယူးကာဆယ်ရဲ့ကစားပုံနဲ့ ခံစစ်အားကလည်း တည်ငြိမ်မှုမရှိတာကြောင့် ဒီပွဲစဉ်မှာတော့ စပါးတို့နိုင်ပွဲပြန်ရသွားနိုင်ပါတယ်။

**လီဗာပူး - ဝက်စ်ဘရွန်း** ည-၁၀း၃၀ (၁၃-၁၂-၁၅)

နောက်ဆုံးပွဲစဉ်မှာ စပါးကိုသရေကစားနိုင်ခဲ့ပေမယ့် ဝက်စ်ဘရွန်းရဲ့ခြေစွမ်းပိုင်းကို တည်ငြိမ်တယ်လို့ မဆိုနိုင်ပါဘူး။ နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာနိုင်ခဲ့သလို တိုက်စစ်ပိုင်းကအစ အားနည်းမှုတွေရှိနေတာကြောင့် အန်းဖီးလ်မှာ လီဗာပူးကိုတုံ့ပြန်နိုင်ဖို့ခက်ပါတယ်။ လီဗာပူးပွဲဆက်တွေများနေပေမယ့် နိုင်ပွဲရသွားမှာပါ။

**လက်စတာ - ချယ်လ်ဆီး** နံနက်-၂း၃၀ (၁၅-၁၂-၁၅)

နောက်ဆုံးပွဲစဉ်မှာ ဘုန်းမောက်ကို ထပ်မံရှုံးနိမ့်ခဲ့ရတာကြောင့် ချယ်လ်ဆီးတို့နိုင်ပွဲရရေး အားစိုက်လာမှာပါ။ ဒါပေမယ့် ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်သလို ခြေစွမ်းကလည်း လိုအပ်ချက်တွေများနေပါတယ်။ လက်စတာကလည်း အိမ်ကွင်းဖြစ်လို့ အမှားခံမှာမဟုတ်ဘူး။

### ဒီဇင်ဘာ ၉ ရက် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၂ | - | ၀ | ရှက်တာဒိုးနက် |
| ရီယဲလ်မက်ဒရစ် | ၈ | - | ၀ | မယ်လ်မို |
| ဝုဖ်ဘတ် | ၃ | - | ၂ | မန်ယူ |
| ပီအက်စ်ဗွီ | ၂ | - | ၁ | CSKAမော်စကို |
| ဘင်ဖီကာ | ၁ | - | ၂ | အက်သလက် |
| ဂါလာတာစာရေး | ၁ | - | ၁ | အက်စတာနာ |
| မန်စီးတီး | ၄ | - | ၂ | မိုချင်ဂလက်ဘတ် |
| ဆီဗီလာ | ၁ | - | ၀ | ဂျူဗင်တပ် |

မောင်မောင်ဇော်

## စိုးလှျပ်စစ်ဖောင်ဒေးရှင်းဖလား ပထမဆုရ ဘောလုံးအသင်းအား ဂုဏ်ပြု

**ပျဉ်းမနား ဒီဇင်ဘာ ၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပေါင်းလောင်းပြည်သူ့အားကစားကွင်း၌ ကျင်းပပြီးစီးခဲ့သော "စိုးလှျပ်စစ်ဖောင်ဒေးရှင်း" ဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ရွာကောက်ရပ်ကွက် ဘောလုံးအသင်းအား ဂုဏ်ပြုခြင်းအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် ည ၇ နာရီက ကျင်းပသည်။

စိုးလှျပ်စစ်ဖောင်ဒေးရှင်းမှ ပထမဆုရရှိသော ရွာကောက်ရပ်ကွက် ဘောလုံးအသင်းသို့ ချီးမြှင့်သည့် ဆုဖလားကြီးအား အသင်းအုပ်ချုပ်သူ ဦးကျော်သူရ၊ နည်းပြချုပ်ဦးခင်မောင်မြင့်၊ ဂိုးနည်းပြဦးစိုးမင်းခိုင်နှင့် အသင်းသားများက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးထံသို့ ပေးအပ်ခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မန်စီးတီးအသင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့် တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက် မန်ယူအသင်းမှာ ချန်ပီယံလိဂ်ပြိုင်ပွဲကို နှုတ်ဆက်လိုက်ရ



ဒီဇင်ဘာ ၉ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုအဆင့်မှ အုပ်စုလေးအုပ်စု၏ နောက်ဆုံးပွဲစဉ်အချို့ပြီးဆုံးချိန်တွင် မန်စီးတီးအသင်းသည် မိုချန်ဂလာဘတ်အသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း မန်ယူအသင်းမှာမူ ဝုဖ်ဘတ်အသင်း၏ အိမ်ကွင်းတွင် သုံးဂိုး- နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲကို နှုတ်ဆက်လိုက်ရပြီး ယူရိုပါလိဂ် ၃၂ သင်းအဆင့်တွင် ကစားရမည့်အခွင့်အရေးသာရရှိခဲ့သည်။

မန်စီးတီးအသင်းသည် မိုချန်ဂလာဘတ်အသင်းနှင့် ပွဲစဉ်တွင် ဆေးလ်ဗား၏ သွင်းဂိုးတစ်ဂိုး၊ စတာလင်၏ သွင်းဂိုးနှစ်ဂိုး၊ ဘိုနီ၏ သွင်းဂိုးတစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ကာ အုပ်စု (D)တွင် အုပ်စုပထမနေရာဖြင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီး ယင်းအုပ်စုတွင် ဂျူဗင်တပ်အသင်းမှာ ဆီဗီလာအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အုပ်စုဒုတိယနေရာဖြင့် ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါအုပ်စုတွင် ဂျူဗင်တပ်အသင်းအား အနိုင်ရရှိခဲ့သည့် ဆီဗီလာအသင်းသည် ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုတတိယနေရာရရှိကာ ယူရိုပါလိဂ် ၃၂ သင်းအဆင့်သို့ ဝင်ရောက်ခွင့်ရရှိခဲ့သည်။

မန်ယူအသင်းပါဝင်သည့် အုပ်စု(B)တွင် ဝုဖ်ဘတ်အသင်းသည် အုပ်စုပထမဖြင့်လည်းကောင်း၊ ပီအက်စ်ဗွီအသင်းသည် အုပ်စုဒုတိယဖြင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ရမှတ် ရှစ်မှတ်သာရရှိခဲ့သည့် မန်ယူအသင်းမှာမူ ယူရိုပါလိဂ် ၃၂ သင်းဝင်ခွင့်သာ ရရှိခဲ့သည်။ ယင်းအုပ်စုတွင် စီအက်စ်ကေအေအသင်းမှာ ရမှတ် လေးမှတ်သာ ရရှိခဲ့ခြင်းကြောင့် ဥရောပပြိုင်ပွဲနှစ်ရပ်လုံးနှင့် လွဲခဲ့ရပြီဖြစ်သည်။

အုပ်စု (A)တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ရမှတ် ၁၆ မှတ်ရရှိခဲ့ခြင်းကြောင့် အုပ်စုပထမဖြင့်လည်းကောင်း၊ ပီအက်စ်ဂျီအသင်းသည် ရမှတ် ၁၃ မှတ်ရရှိကာ အုပ်စုဒုတိယဖြင့်လည်းကောင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်လှမ်းသွားခဲ့ပြီး ရှက်ခ်တာဒိုးနက်စ်ခ်အသင်းနှင့် မယ်လ်မိုအသင်းတို့မှာ ရမှတ် သုံးမှတ်စီရရှိထားခဲ့ သော်လည်း ဂိုးကွာခြားချက်အရ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းက ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့သည်။ မယ်လ်မိုအသင်းမှာ ဥရောပပြိုင်ပွဲကို လက်ပြနှုတ်ဆက်သွားခဲ့ရသည်။

အုပ်စု(ယ)တွင် အက်သလက်တီကိုမက်ဒရစ်အသင်းသည် ရမှတ် ၁၃ မှတ်ရရှိကာ အုပ်စုပထမဖြင့် လည်းကောင်း၊ ဘင်ဖီကာအသင်းသည် ရမှတ် ၁၀ ရရှိကာ အုပ်စုဒုတိယဖြင့် လည်းကောင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ရမှတ်ငါးမှတ်ရရှိကာ အုပ်စုတတိယနေရာရရှိခဲ့သည့် ဂါလာတာစာရေးအသင်းမှာ ယူရိုပါလိဂ် ၃၂သင်းအဆင့် ဝင်ခွင့်ရရှိခဲ့သည်။ အက်စတာနာအသင်းမှာမူ ဥရောပပြိုင်ပွဲနှစ်ခုစလုံးကို လက်လွှတ်ခဲ့ရသည်။ **ငွေကြယ်**

# ဒီမာရီယာ၊ ပီတာခရော့ချ်နှင့် ချန်ပီယံလိဂ်သမိုင်း၏ အထိမ်းအမှတ်သွင်းဂိုးများ

ပီအက်စ်ဂျီကွင်းလယ်ကစားသမား ဒီမာရီယာသည် ပြီးခဲ့သည့် ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက မယ်လ်မိုအသင်းအား ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည့် ပွဲစဉ်၌ ပီအက်စ်ဂျီအသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့ရာ အဆိုပါသွင်းဂိုးသည် ချန်ပီယံလိဂ်သမိုင်း၏ သွင်းဂိုး ၇၀၀၀ ပြည့်မြောက်သည့်သွင်းဂိုးအဖြစ် အထိမ်းအမှတ်မှတ်တိုင်တစ်ရပ်ဖြစ်လာခဲ့သည်။

ချန်ပီယံလိဂ်သမိုင်း၏ သွင်းဂိုး ၆၀၀၀ ပြည့်သွင်းယူနိုင်ခဲ့သည့် ကစားသမားမှာ တိုက်စစ်မှူး ဂေါ့ဇီဖြစ်ပြီး ၂၀၁၃ ခုနှစ်အတွင်းက ဒေါ့မွန်အသင်းနှင့် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းတို့ ဆုံတွေ့ခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ဒေါ့မွန်က ရှက်ခ်တာဒိုးနက်စ်ခ်အား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင်မူ ဂေါ့ဇီသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ကစားလျက်ရှိသည်။

ချန်ပီယံလိဂ်သမိုင်း၏ သွင်းဂိုး ၅၀၀၀ ပြည့်သွင်းဂိုးသွင်းယူနိုင်ခဲ့သူမှာ တိုက်စစ်မှူး လူဆာယိုဖြစ်ပြီး ၂၀၁၀ ခုနှစ်အတွင်းက ဘင်ဖီကာအသင်းက ဟာပိုးလ်တဲလ်အဗစ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဘင်ဖီကာအသင်းအတွက် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်သမိုင်း၏ သွင်းဂိုး ၄၀၀၀ ပြည့်သွင်းဂိုးသွင်းယူနိုင်ခဲ့သူမှာ ပီတာခရော့ချ်ဖြစ်သည်။ ပီတာခရော့ချ်သည် ၂၀၀၇ ခုနှစ်အတွင်းက လီဗာပူးအသင်းနှင့် ပီအက်စ်ဗွီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရသည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယင်းသွင်းဂိုးသည် ချန်ပီယံလိဂ်သမိုင်း၏ သွင်းဂိုး ၄၀၀၀ ပြည့်ဖြစ်လာခဲ့သည်။

ချန်ပီယံလိဂ်သမိုင်း၏ သွင်းဂိုး ၃၀၀၀ ပြည့်သွင်းဂိုးကို ပြင်သစ်တိုက်စစ်မှူး ထရီဇီဂေးက သွင်းယူခဲ့ခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ်က ဂျူဗင်တပ်အသင်းက အိုလံပီယာကော့စ်အသင်းအား ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်သမိုင်း၏ သွင်းဂိုး ၂၀၀၀ ပြည့်သွင်းဂိုးကို ဘိုဗစ်စတာတိုက်စစ်မှူး အာဝင်ဆန်းချက်ဇ်က သွင်းယူခဲ့ခြင်းဖြစ်ပြီး ဘိုဗစ်စတာက ဒိုင်နမိုကိဗ်အား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်သမိုင်း၏ သွင်းဂိုး ၁၀၀၀ ပြည့်သွင်းဂိုးကို ဒီမီထရီခိုးလော့က သွင်းယူခဲ့ခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်က ပီအက်စ်ဗွီအသင်းနှင့် ဘင်ဖီကာအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်ခဲ့သည့် ပွဲစဉ်တွင် ပီအက်စ်ဗွီအသင်းအတွက် ဂိုးသွင်းယူနိုင်ခြင်းကြောင့် ဖြစ်သည်။ **နိုင်လင်းကြည်**

# ပုလဲမြို့နယ်တွင် သစ်မျိုးစုံ ခြောက်တန်ကျော် ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

ပုလဲ ဒီဇင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ တရားမဝင်သစ်များခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းလုပ်ငန်းများကို လျှပ်တစ်ပြက်စစ်ကြောင်း အသွင်သဏ္ဌာန်ဖြင့် ရှောင်တခင်ကာကွယ်ဖမ်းဆီးလျက်ရှိရာ ဒီဇင်ဘာ ၈ ရက် ည ၈ နာရီတွင် ပုလဲမြို့နယ် အင်တိုင်းသာကျေးရွာ၏အနောက်ဘက် နှစ်မိုင်ခန့်အကွာ ဂျပ်-အင်တိုင်းသာကျေးရွာသွားလမ်းဘေး မုဆိုးတောအတွင်း၌ သစ်မျိုးစုံ ခြောက်တန်ကျော်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးမြဝင်းနှင့်အဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်သက်ဇော်လတ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဂျပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်စိုး၊ အင်တိုင်းသာကျေးရွာ ရာအိမ်မှူး ဦးမန်းညိုတို့နှင့်အတူ အင်တိုင်းသာကျေးရွာ၏ အနောက်ဘက်နှစ်မိုင်ခန့်အကွာ ဂျပ်ကျေးရွာ-အင်တိုင်းသာကျေးရွာသွားလမ်းဘေး မုဆိုးတောအတွင်း၌ ပျဉ်းကတိုးခားရွေတုံး ၁၆ တုံး (၂ ဒသမ ၁၈၈တန်)၊ ဇင်ပွန်ခားရွေတုံး၂၅ တုံး (၃ ဒသမ ၅၅၇၂)တန်၊ သပြေခားရွေတုံး နှစ်တုံး (သုည ဒသမ ၁၀၅၀)တန်၊ ကြို့ခားရွေတုံး တစ်တုံး (သုည ဒသမ ၁၄၀၀)တန်၊ နဘဲခားရွေတုံး တစ်တုံး (သုည ဒသမ ၁၃၅၀)တန် စုစုပေါင်း သစ် ၆ ဒသမ ၅၂၅၂ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ သိမ်းဆည်းရမိသော တရားမဝင်ပိုင်ရှင်မဲ့သစ် ၆ ဒသမ ၅၂၅၂ တန်ကို ပုလဲမြို့နယ်(၅၉)မိုင် သစ်တောစခန်းတွင် သယ်ဆောင်ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ )**

# ကွန်ပစ်ငါးဖမ်းရာမှ ရေထဲကျသေဆုံး

သုံးခွ ဒီဇင်ဘာ ၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဖွဲ့ထော်ကျေးရွာတွင် လူတစ်ဦးရေထဲကျသေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၈ ရက် ညနေပိုင်းက သုံးခွမြို့နယ် ဖွဲ့ထော်ကျေးရွာနေ တင်မင်းအောင်(၃၇)နှစ်သည် ညီဖြစ်သူ နွေအောင်၊ ယောက်ဖဖြစ်သူ ရာဇာထွန်း၊ ဦးလေးဖြစ်သူ ဦးဇော်ဝင်းတို့နှင့်အတူ ဖွဲ့ထော်ကျေးရွာ အရှေ့ဘက် ကွန်ကရစ်လမ်းမ ဘေးရှိ အကျယ် ခုနစ်ပေခွဲခန့်၊ အနက် နှစ်ပေခန့် ရေနုတ်မြောင်းတွင် ကွန်ပစ်နေစဉ် ရုတ်တရက် အတက် ရောဂါဖြစ်ပြီး ရေမြောင်းထဲသို့ ပြုတ်ကျခဲ့ကြောင်း၊ ဝိုင်းဝန်းဆယ်ယူကာ နေအိမ်သို့ သယ်ယူစဉ် သေဆုံးသွားကြောင်း သိရသည်။

သေဆုံးမှုနှင့်ပတ်သက်၍ သုံးခွမြို့မရဲစခန်းမှ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ကြည်စိုးလွင်-သုံးခွ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**


ဉာဏ်ထွန်း(ခ) ရန်လောဝူးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ဖားကန့်၊ ကော့သောင်း၊ တောင်ကြီးမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၉

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၇ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာ အဲဗားဝင်းနားကုမ္ပဏီ မြေစာပုံအနီးတွေ့ရှိသူ ဉာဏ်ထွန်း(ခ) ရန်လောဝူးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်က ကော့သောင်းမြို့ အင်္ဂဝါရပ်ကွက် ကမ်းနားလမ်းပေါ်တွင်တွေ့ရှိသူ ထူးဇော်(ခ)လာရှိအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ကိုလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၇ ရက်က တောင်ကြီးမြို့နယ် ထီဟော်ကျေးရွာ တောင်ကြီး-ဇလဲကျေးရွာသွား ကားလမ်းပေါ်တွင် ဇလဲကျေးရွာဘက်မှ အောင်နိုင်မိုးဦး မောင်းနှင်ပြီး စန်းဝင်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၇ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

နေပြည်တော် ဒီဇင်ဘာ ၉

ရှမ်းပြည်နယ် အေးသာယာမြို့ ရပ်ကွက်(၃) ပြည်ထောင်စုလမ်းမကြီးပေါ်၌ ဒီဇင်ဘာ ၆ ရက် ည ၈ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း အေးသာယာနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က ပြည်ထောင်စုလမ်းမကြီးအတိုင်း အနောက်မှ အရှေ့သို့ တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ် ကျောင်းဝင်းနေ အောင်ဌေး(၃၂)နှစ်မောင်းနှင်သည့် ၁၄ယ/--- လော်ဂျား ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ အောင်ပန်းမြို့ ရှမ်းစုရပ်ကွက်နေ စောသီဟဖုန်းကျော်(၂၄)နှစ် မောင်းနှင်လာသည့် လော်ဂျားဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သည်။

ထိုသို့တိုက်မိမှုကြောင့် အောင်ဌေးနှင့် စောသီဟဖုန်းကျော်တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး စဝ်စံထွန်းဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစဉ် စောသီဟဖုန်းကျော်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သဖြင့် အောင်ဌေးအား အေးသာယာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# တရားမဝင် ခိုင်းနွားသယ်ဆောင်လာသူအား ဖမ်းဆီး

ကျွန်းလှ ဒီဇင်ဘာ ၉

ကျွန်းလှမြို့မရဲစခန်းမှ ဒု-ရဲအုပ်ကျော်ထွန်းဦးသည် တာဝန်မှူးဆောင်ရွက်နေစဉ် ယနေ့ နံနက် ၂ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှမ်းစုကျေးရွာ သုဿာန်အနီးတွင် တရားမဝင်ခိုင်းနွားများ သယ်ဆောင်လာကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ တန့်ဆည်မြို့နယ် ဉာဏ်သာအုပ်စု သာစည်ကုန်းကျေးရွာ နေ ကြည်ငွေအား ခိုင်းနွားအထီးနှစ်ကောင်နှင့် တွေ့ရှိရကြောင်း၊ အဆိုပါ နွားအထီးနှစ်ကောင်ကို သာစည်ကုန်းရွာမှ ဝယ်ယူခဲ့ပြီး တုတ်တလုပ်၊ အင်ဖက်တော၊ ကံကြီးကုန်း၊ သမန်းတောကျေးရွာများ နှင့် ရှမ်းစုကျေးရွာတို့အားဖြတ်၍ ကန့်ဘလူမြို့နယ် ပေကုန်းရွာသို့ သယ်ယူပို့ဆောင်မည်ဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး သယ်ဆောင်ခွင့် အထောက်အထားတစ်စုံတစ်ရာပါရှိခြင်းမရှိ၍ ကြည်ငွေအား ကျွန်းလှမြို့မရဲစခန်းက တရားစွဲတင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

■

# ဖဲလောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် ဒီဇင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၉)ရပ်ကွက် ကားကြီးဝင်း နားနေဆောင်တွင် ဒီဇင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီက ဖဲလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်ငူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ကားကြီးဝင်းနားနေဆောင်၌ ဇေယျဝတီမြို့ ပြောင်သေကျေးရွာနေ ဆွန်ဒါလ်၊ ဇေယျဝတီမြို့တောင်ပိုင်းရပ်ကွက်နေ မောင်ထွေး၊ အနောက်ပိုင်းရပ်ကွက်နေ မောင်မြင့်၊ မြောက်ပိုင်းရပ်ကွက်နေ အောင်နိုင်စိုးနှင့် ဟန်သိန်း၊ ဖဆရပ်ကွက်နေ ဘိုဘိုဟန်တို့အား ဖဲလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၆၇၇၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဆွန်ဒါလ်ပါခြောက်ဦးအား တောင်ငူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

**သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ရွှေထီပီတာန်းချောင်းသာ (နေ့စဉ်)
+ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
+ ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း
+ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ
အပတ်စဉ် သောကြာ | စင်းလုံးငှား စီစဉ်ပေးသည်
ကျိုက်ထီးရိုး (နေ့စဉ်) ငွေဆောင် (သောကြာ)
01-701015,01-710436,09-5403844,09-5044830

မင်္ဂလာဒေါ် 09-420051117, 09-252566687
+ ပုဂံ၊ စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်၊ ပုပ္ပါး၊ ပခုက္ကူ (တစ်ခရိုက်ငြိမ်း) | Dec 4,11, 18,24 30,31 | 40000/-
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း (တစ်ခရိုက်ငြိမ်း) | 50000/-
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းစေတီ (တစ်ခရိုက်ငြိမ်း) | 45000/-
+ ကျိုက်ထီးရိုး (နေ့စဉ်) 8000/- (၁၀)ဦးဝယ်လျှင် (၁)ဦး Discount
ခရီးစဉ်တိုင်း Air-com လေအိတ် ဘဆင့်ဖြင့် နောက်ဆုံးပေါ်ကားကြီးများဖြင့် ပို့ဆောင်ပေးပါသည်။

ASIA KING 01-543319, 09-420221257
+ ပုဂံ (စွယ်တော်လေးဆူ)၊ ပြည့်ငါးပြည့်၊ ပုပ္ပါး၊ ပခုက္ကူ Guest 55000/-
(4star Hotel, Restaurant ဘူဖေး ) Special package .. 75000/-
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော၊ အောင်ပန်း Guest 65000/-
Hotel Special package ..120000/- နှစ်သစ်ကူးကြိုတင်လက်မှတ်ရောင်းပြီ
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ရွှေဘို၊ ကျောက်စိမ်းစေတီ Guest 65000/-
Hotel Special package ..120000/- Dec 4,11,18,24, 25,30,31 နေ့ထွက်မည်
+ မော်လမြိုင်၊ ကျိုက်(၅)ကျိုက် လမ်းဘုရားစုံ 30000/-
+ ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) ၅-ဦးဝယ် ၁-ဦး Discount + လွှမ်းပြည်တော်ပြန်(တနင်္ဂနွေ-လပြည့်)

## ဖိတ်ကြားလွှာ

မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်နှင့် ကမ္ဘာလုံးဆိုင်ရာခမ်းနားထည်ဝါသော ကုမ္ပဏီ တို့ ပေါင်းစပ်ဖွဲ့စည်းထားသော ကျွန်တော်များ Saw Mon Hla Island Co., Ltd အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာအုပ်စုအတွင်းရှိ စောမွန်လှကျွန်း၌ Saw Mon Hla Island Resort အမည်ဖြင့် အပန်းဖြေစခန်း စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment) နှင့်ပတ်သက်၍ သက်ဆိုင်သူများနှင့်တွေ့ဆုံပွဲ (Stakeholder Meeting) ကို အောက်ပါအတိုင်း ကျင်းပသွားမည် ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ။ ။ ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်၊ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် (စနေနေ့)
အချိန်။ ။ နံနက် ၉း၀၀ နာရီမှ ၁၁း၀၀နာရီ အထိ
နေရာ။ ။ ပုလဲရတနာခန်းမ၊ မြိတ်မြို့

## ပျောက်ဆုံးကြောင်း

ကျွန်တော် စန်းယုနိုင်[၁၂/ထတပ(နိုင်) ၀၈၆၆၈၄]၏ CDC No.97727 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၅၈၁၅၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်အေး[၇/ညလပ(နိုင်) ၀၈၂၅၃၇]၏ မှတ်ပုံတင်မူရင်းနှင့် ၈က/၂၁၈၄၊ ၇ခ/၉၆၈၅ ယာဉ်တို့၏ ပုံစံ(ယ)(မူရင်း)ပါ စာအိတ်တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၅၁၈၆၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းသူရိန်[၁၂/ဒလန(နိုင်) ၀၄၉၅၃၂]၏ CDC 88180 နှင့် PP No. MA012384 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၁၆၅၁၂၅

## ပျောက်ဆုံးကြောင်း

ကျွန်တော် မိုလင်းခိုင်[၁၂/လသယ(နိုင်) ၀၄၃၄၇၇]၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၁၄၃၇၂၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် ထိန်လင်း[၁၃/တကန(နိုင်)၂၁၆၂၂၅]၏ နိုင်ငံကူးလက်မှတ်အမှတ်A451291 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၂၀၂၉၂၆၅၆

## ဒေါ်အေးမာလာသွင် (ဘ) ဦးအေးသွင် (၁၂/အစန (နိုင်) ၀၆၄၈၈၃) နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ အကွက်အမှတ် (၄)၊ ပဒေသာ၊ ဦးပိုင်အမှတ် (၁ရရ)၊ မြေယာအမှတ် (၁ရရ)၊ မြေဧရိယာ (၀. ၁၄ရ)ကေပေါ်ရှိ အိမ်အမှတ် (တ-၃၀)ဟု ခေါ်တွင်သည့် မြေကွက်နှင့် (၂)ထပ်အဆောက်အအုံနှင့်ပတ်သက်၍ ဂရန်အမည်ပေါက်သူ ဦးဇော်ဝိတ် (၉/မရတ(နိုင်) ၀၆၀၀၄ရ)မှ ဒေါ်အေးမာလာသွင်အား လွှဲအပ်ထားသည့်ကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် အဆိုပါမြေနှင့်အိမ်အား ကျွန်တော် ဦးဇော်ဝိတ်မသိရှိဘဲ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းရောင်းချခြင်း ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝိတ် (၉/မရတ (နိုင်) ၀၆၀၀၄ရ)**
အမှတ် (၁/ခ-၁၈၈)၊ ရွှေနှင်းဆီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိရာ အပတ်စဉ် ကြာသပတေးနေ့တိုင်းတွင် စာရေးဆရာ ဝင်းအောင်ကြီး၏ ဆောင်းပါးများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(စာတည်း)

# စာတတ်သူတိုင်း သတင်းစာဖတ်ကြသည်

**ဝင်းအောင်ကြီး**

ကျွန်တော့်အဘွားသည် စာမဖတ်တတ်ပါ။ ရွာရှိ ဈေးထဲကဆိုင်များ၊ ပုံ့ကျဈေးသည်များထံမှ အခွန် ကောက်ခွင့် ကန်ထရိုက်၊ ရွာနှင့်ငါးမိုင်ခန့်ဝေးသော ကျောက်ထုစခန်းရှိ အကျဉ်းထောင်သို့ စားနပ်ရိက္ခာ တင်သွင်းခွင့် ကန်ထရိုက်များကို အခြားအမျိုးသားကြီးများနှင့် အပြိုင်လေလံစွဲရသောကြောင့် အင်္ဂလိပ် အရေးပိုင်နှင့် ပြောဆိုဆက်ဆံရ၏။ တော်ပါသေးသည်။ အဲဒီမျက်နှာဖြူကြီးတွေက ဗမာလိုပြောတတ်ဆိုတတ်လို့။

ကကြီးခခွေးမတတ်သော အဘွား၊ သူ့နာမည်တော့ ရေးတတ်သည်။ မရေးတတ်လို့မဖြစ်၊ ကန်ထရိုက်စာချုပ်သည့်အခါ လက်မှတ်ထိုးရမည်မဟုတ်ပါလား။

ရွာမှာ ခရမ်းချဉ်သီးတွေ လှိုင်လှိုင်ပေါ်ပြီဆို တစ်ပိဿာ ၂၅ ပြားလောက် အထိသာရှိချိန် အကုန်သိမ်း ဝယ်ပြီး မီးရထားနှင့် ရန်ကုန်ပို့၏။ မချစ်စုသရက်သီး မစိမ်းတစိမ်း အလုံးလှလှများ သရက်သီးတုံးသွားပြီဖြစ်သော မော်လမြိုင်ကိုရောက်တော့ ဝါဝါဝင်း၊ ဈေးကောင်းလည်းရ၊ အဲဒါအဘွားလုပ်နေကျ။

ထိုသို့ အကွက်မြင်၊ ပါးနပ်သည့် ကျွန်တော့်အဖွားစာမတတ်ဟုမသိကြ၊ သိလျှင်လည်း မယုံချင်ကြ။ ထိုသို့မယုံသည့်ထဲ ကျွန်တော်လည်းပါပြီး သိရသည်က ဒီလိုပါ။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ထွက်ပြေးကြပြီး ရွာကိုပြန်ရောက်လာသည့် ၁၉၄၆ ခုနှစ်၊ ကျွန်တော်က ဒုတိယတန်းကျောင်းသား။

အဘွားက ရန်ကုန်သတင်းစာကို လပေးနှင့် ဝယ်သည်၊ သတင်းစာပို့သမားလေး သံချောင်းအား အပိုမုန့်ဖိုးပေးထား၍ မီးရထားဆိုက်လျှင် သတင်းစာထုပ်ကြီးသွားယူပြီးချင်း အိမ်ကို အရင်ဆုံးရောက်လာ၏။ စာတော်ဖတ်က အဘွား၏ မောင်အငယ် အဘိုးလေးဦးအောင်ရွှေ။ အဘွားက ပက်လက်ကုလားထိုင်ပေါ် ဇိမ်ကျကျ ထိုင်ကာ နားထောင်သည်။ အဲဒါမဖတ်နဲ့ဆို အဘိုးလေးကကျော်သွား၊ ဟဲ့ မြို့မမောင်ပြောတာ ပြန်ဖတ်စမ်း၊ အင်း စပ်စုကတော့ နာမည်နဲ့လိုက်အောင် နှိုက်နှိုက်ချွတ်ချွတ်ပဲဟု အဘွားပြောသံလည်း ကျွန်တော် ကြားနေကျ။

ကျေနပ်သွားလျှင် ကျပ်ပြားတစ်ပြားပေး၊ အဘိုးလေးပြန်သွား၊ အဲဒါနေ့စဉ်နေ့တိုင်း တစ်ရက်မှမနား။ ရွာထဲတခြား ဘယ်အိမ် ဘာသတင်းစာဝယ်သည်ကို ကျွန်တော်မသိ၊ ကျွန်တော့်အဒေါ်ကတော့ ဟံသာဝတီ သတင်းစာလပေးနှင့်ယူ၏။ အဘွားသည် ဖဆပလကိုလည်းသိ၊ ဗိုလ်ချုပ်အောင်ဆန်းကိုလည်း နားလည်၊ နိုင်ငံရေးကိုလည်း တီးမိခေါက်မိ၏။

ကြည့်ပါ၊ ရွာထဲက အဘွားရဲ့တူလို ခင်မင်သော ဦးလေးသန်းက သူ့ကိုယ်သူ ကွန်မြူနစ်လို့ ပြောပြောနေသဖြင့် နင့်ကိုယ်နင် သခင်စိုးများမှတ်နေလားဟု ပြောတတ်သည်အထိ။

လူရည်လည် ဩဇာကြီးမား၊ အာဂအမျိုးသမီးကြီး။ သတင်းစာဖတ်၍ တော်ခြင်းလော သို့တည်းမဟုတ် တော်၍ သတင်းစာဖတ်ခြင်းလော။

> လူရှိလျှင် သတင်းရှိ၏။ လူသည် လူ့သတင်းသိချင်၏။ စာတတ်သူသည် စာဖတ်၏။ လူ့သတင်း ဖတ်ချင်၏။ သည်လိုနှင့် သတင်းစာပေါ်လာခြင်းဖြစ်ပေလိမ့်မည်။ လူတစ်ယောက် အသက်ရှင်ရန် စားဖို့ ထမင်း၊ သောက်ဖို့ ရေ၊ ရှူဖို့ လေတို့ မရှိလို့မဖြစ်။
> ထို့ကြောင့် စာတတ်သူများ သတင်းစာဖတ်ကြခြင်း ဖြစ်သည်။

၁၉၄၉ ခုနှစ် ကျွန်တော်တို့ရွာကို KNDO တပ်များသိမ်းလိုက်၍ ပဲခူးသို့ ထွက်ပြေးကြရသည်။ ကျွန်တော်တို့ ငှားနေသောအိမ်တွင် မြန်မာ့အလင်းသတင်းစာ ဝယ်သောကြောင့် ဖတ်ရ၏။ အဘိုးလေးကိုယ်စား အဘွားအား ကျွန်တော်ဖတ်ပြရသော်လည်းတစ်ကျပ်မရ၊ ကိစ္စမရှိ၊ မြန်မာ့အလင်းသည် ကျွန်တော်ပထမဆုံး ပုံမှန်ဖတ်သည့် သတင်းစာဖြစ်လာပြီ။

၁၉၅၃ ခုနှစ် ကျွန်တော် ရန်ကုန်တက္ကသိုလ်ရောက်တော့ သထုံဆောင်မှာ နေရ၏။ သဟာယနှင့် စာဖတ်အသင်းက မြန်မာသတင်းစာ ၄ စောင်နှင့် အင်္ဂလိပ်သတင်းစာ ၂ စောင်ဝယ်၍ ပိုစုံစွာဖတ်ကြရသည်။ မနက်စောစော သတင်းစာအလာကို အဆောင်ဆင်ဝင်အောက်ကနေသွားတိုက်ရင်း စောင့်ဖတ်ကြသူများကို တွေ့သောအခါ ပထမတော့ အံ့ဩသလိုဖြစ်မိသား၊ နောက်တော့ ကျွန်တော်လည်းအဲဒီထဲပါလာပြီ။

ကျွန်တော်တို့ခေတ်က မြန်မာပြည်မှာ သတင်းစာတွေက စုံလှပါဘိ၊ များလှပါ၏။

တကသစာကြည့်တိုက်ကိုသွားလျှင်မူ မန္တလေးကထုတ်သည့် လူထုသတင်းစာလို အဆောင်တွေမှာ မတွေ့ရသော သတင်းစာများဖတ်ရသည်။ ဗန်းမော်တင်အောင်ရဲ့ လင်းယုန်သတင်းစာပင် ဖတ်ဖူးလိုက်သည်။ ကျွန်တော်က ဘောလုံးပွဲ ဝါသနာပါသောကြောင့် ဘောလုံးသတင်းအလွန်အရေးကောင်းသော The Nation ကို ကြိုးစားဖတ်ရင်း အင်္ဂလိပ်သတင်းစာနှင့် နီးစပ်လာပြီ။

စာသင်ခန်းသို့အသွား စင်္ကြံဘေးမှာသတင်းစာအထပ်လိုက်ပုံထား၊ တစ်စောင် ၂၅ ပြားကို ချထားသည့် ပိုက်ဆံခွက်ထဲ ပိုက်ဆံထည့်သွားစနစ်နှင့် သတင်းစာရောင်းသည်ကို ဝယ်ဖတ်ကြသူတွေကလည်းမရှား။ လက်ဖက်ရည်ဆိုင်မှာ သတင်းစာထား၊ ဆိုက်ကားသမားကလည်း ခရီးသည်စောင့်ရင်း သတင်းစာဖတ်လို့။

၁၉၆၅ ခုနှစ် Radio Moscow မှာ အလုပ်လုပ်ဖို့အသွား လေယာဉ်မယ်က သတင်းစာများ လိုက်ပေး၍ ကာရာချီလေဆိပ်၌ ခဏရပ်နားချိန်လေးမှာပင် ခရီးသည်အချို့သတင်းစာဖတ်နေလိုက်ကြသေး။ မော်စကိုမြို့သို့ ရောက်သွားတော့လည်း သတင်းစာဝယ်ဖို့ တန်းစီနေကြသူမှာအရှည်ကြီး။ ကျွန်တော်က ရုရှလိုမဖတ်တတ်၊ ပညာသင်ကျောင်းသားများသင်ပေးထားလို့ ရာသီဥတုနှင့် ဘောလုံးပွဲသတင်းကို လမ်းထိပ်တိုင်းမှာ ကပ်ပေးထားသည့် Isveztia သတင်းစာထဲ ဖတ်ရသည်။

၁၉၆၈ ခုနှစ် လန်ဒန်ကိုရောက်သွားတော့ ဘိလပ်သားများနည်းတူ Time သတင်းစာကို Height Park ပန်းခြံထိုင်ခုံမှာ စတိုင်ကျကျဖတ်နေစဉ် သံရုံးမှ ဦးဖေမြင့်အောင် ရိုက်ပေးသည့် ကျွန်တော့်ဓာတ်ပုံတမြတ်တနိုးသိမ်းထားသည်မှာ ယခုတိုင်ရှိသေး၏။

ကောက်ချက်ချမိသည်က ဒီလိုပါ။

လူရှိလျှင် သတင်းရှိ၏။ လူသည် လူ့သတင်းသိချင်၏။ စာတတ်သူသည် စာဖတ်၏။ လူ့သတင်း ဖတ်ချင်၏။ သည်လိုနှင့် သတင်းစာပေါ်လာခြင်းဖြစ်ပေလိမ့်မည်။ လူတစ်ယောက် အသက်ရှင်ရန် စားဖို့ ထမင်း၊ သောက်ဖို့ ရေ၊ ရှူဖို့ လေတို့ မရှိလို့ မဖြစ်။

ထို့ကြောင့် စာတတ်သူများ သတင်းစာဖတ်ကြခြင်း ဖြစ်သည်။

**အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း**

အမှတ်(၂၃၁)၊ သဇင်ပန်းလမ်း၊ (က)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်နေ ကျွန်မ ဒေါ်စန်းကြည် [၁၂/သဃက(နိုင်)၁၁၁၂၄]မှ အမှတ်(၁၂၆)၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးတင်ကိုကို[၁၂/မဂတ(နိုင်)၀၉၆၅၄၁]အား ၁၆-၈-၂၀၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၀၇၀/၁၄ အား ကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းကြည်[၁၂/သဃက(နိုင်)၁၁၁၂၄]**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ကြခတ်ကုန်းကျေးရွာနေ လခွဲ အင်္ဂမတန်းမှ မအေးပပစိုး၏ဖခင် ဦးစိုးထွန်း၏အမည်မှန်မှာ ဦးစိုးထွန်းအောင် [၁၂/ကခက(နိုင်)၀၆၀၁၅၈] ဖြစ်ပါသည်။

**ဦးစိုးထွန်းအောင်**

**ပိုင်ရှင်ကိုယ်တိုင်အမြန်ငှားမည်**

ပေ(၂၀×၄၅)၊ မျက်နှာစာနှစ်ဖက်ပွင့်၊ ဗိုလ်ချုပ်လမ်းမပေါ်၊ ကျောင်း၊ ဈေး၊ ကားဂိတ်၊ ဘဏ်များနှင့်အနီးဆုံးနေရာ၊ သိန်း ၂၀ (ညှိနှိုင်း) ဆက်သွယ်ရန်-
**Ph:09-976660220, 09-251167105**




**ဝန်ထမ်းအလိုရှိသည်**
(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)
**International Freight Forwarding & Logistics Co.,Ltd**
တွင် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

၁။ **Assistant Accountant** ကျား/မ (၂)ဦး
- B.com/LCCI Level (III) အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက်(၂၅)နှစ်ထက်မကြီးရ။
- Excel ကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။

၂။ **Office Staff** ကျား/မ (၂)ဦး
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်ရမည်။
- အသက်(၂၅)နှစ်ထက်မကြီးရ။
- Microsoft Word/Excel အသုံးပြုနိုင်ရမည်။

အမှတ်စဉ် (၁) နှင့် (၂)အတွက် လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
လျှောက်ထားလိုသူများသည် ဓါတ်ပုံတစ်ပုံ၊ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊သက်ဆိုင်ရာစာရွက်စာတမ်းအထောက် အထားမိတ္တူနှင့်အတူပူးတွဲ၍ ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လူကိုယ်တိုင် အောက်ပါလိပ်စာအတိုင်းပေးပို့လျှောက်ထားနိုင်ပါသည်။
အခန်း:(203)၊တာဝါ(A) Junction(8)၊ မြိုင်ဟေဝန်အဆင့်မြင့်အိမ်ရာ ၊ ၈မိုင်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မောင်မင်းကိုကိုနှင့်အများသိစေရန်ကြေညာချက်**

အနန္တတေဇာကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော မောင်မင်းကိုကို[၁၂/ဒဂန(နိုင်)၀၃၄၃၆၁]သည် ၅-၁၂-၂၀၁၅ရက်မှစ၍ရုံးတက်ရောက်ခြင်းမရှိပါသဖြင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ် လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝမှာ ကုမ္ပဏီနှင့်လုံးဝမသက်ဆိုင်တော့ပါ။ ကုမ္ပဏီနှင့်ပတ်သက်သော စာရင်းကိစ္စများအား(၇)ရက်အတွင်း လာရောက်ရှင်းလင်းရန်နှင့် မရှင်းလင်းပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မိုး**
**မန်နေးဂျင်းဒါရိုက်တာ**
**အနန္တတေဇာကုမ္ပဏီ**

# ထုတ်ကုန်များ လုံခြုံစိတ်ချမှုဆိုင်ရာ အသိပညာပေးဟောပြော

**ကောလင်း ဒီဇင်ဘာ ၉**

ကသာခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် ကောလင်းမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန မြို့နယ်ဝန်ထမ်းများပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၇ ရက်တွင် မြောက်အင်းရပ်ကွက် အ. လ. က ( ခွဲ ) နှင့် စက်ရုံလယ်ပြင်ရပ်ကွက် အ. မ. ကတို့၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ထုတ်ကုန်များလုံခြုံစိတ်ချမှုဆိုင်ရာ အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အန္တရာယ်ရှိ အစားအသောက်များ၊ အန္တရာယ်ရှိကုန်စည်များ၊ အန္တရာယ်ရှိဝန်ဆောင်မှုများ၊ အန္တရာယ်ရှိဖျော်ဖြေမှုများ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုများ သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ကျောင်းဈေးမှ မုန့်ရောင်းချသူများ တက်ရောက်ခဲ့ကြသည်။

"အခုလို စာသင်ကျောင်းတွေမှာ အသိပညာပေးကျင်းပပေးတာတွေ အင်မတန်ကောင်းပါတယ်။ အဓိကကလေးတွေပါပဲ။ အချိုရည်၊ သကြားလုံးနဲ့ စုပ်ပြားတွေရယ်၊ အချဉ်ထုတ်တို့အစားများကြတယ်။ အချိုရည်နဲ့ သကြားလုံးတို့ စုပ်ပြားတို့စားမိလို့ ကလေးတွေချောင်းဆိုးကြတယ်လို့ဆိုတယ်။ နောက်တစ်ခုက အချဉ်ထုပ်၊ အသားတုချောင်းတွေကို အချဉ်ရည်နဲ့တို့စားကြလို့ ဝမ်းပျက်တာတို့ ဝမ်းကိုက်တာတို့လည်း ဖြစ်ကြတယ်လို့လည်း ကြားရတယ်။ ဗဟုသုတနည်းကြလို့လည်း ပါပါတယ်။ တချို့လည်း မသိလို့ရောင်းတာဖြစ်နိုင်သလို သိလျက်သားနဲ့ရောင်းတာလည်းဖြစ်နိုင်ပါတယ်။

ဒီတော့ အသိပညာပေးတဲ့အဖွဲ့အစည်းတွေအနေနဲ့လည်း မြို့ပေါ်စာသင်ကျောင်းတွေမှာ ပညာပေးသလို ကျေးလက်ကစာသင်ကျောင်းကြီးတွေကိုလည်း အချိန်ရမယ်ဆိုရင် ဒီလိုဟောပြောပွဲလေးတွေလုပ်ပေးစေချင်ပါတယ်"ဟု ဟောပြောပွဲတက်ရောက်လေ့လာသူ ကျောင်းသားမိဘတစ်ဦးက အကြံပြုပြောသည်။

အဆိုပါကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအဖွဲ့သည် ဒုတိယအကြိမ်မြောက် ကသာခရိုင်ခုနစ်မြို့နယ်သို့ လှည့်လည်ပညာပေးခြင်းဖြစ်၍ ကသာမြို့နယ်နှင့် ကောလင်းမြို့နယ်၌ ဆောင်ရွက်လျက်ရှိသည်။

လှည့်လည်ပညာပေးရန်ကျန်သည့် ငါးမြို့နယ်ကိုလည်း ကျောင်းဖွင့်ရာသီအတွင်း တစ်မြို့နယ်လျှင် တစ်ပတ်အစီအစဉ်ဖြင့် ကသာခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဦးသန်းထွန်းဦးဆောင်သောအဖွဲ့က အသိပညာပေးဟောပြောပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းလှမင်း**

# ဆင်ခြေထောက်ရောဂါပိုးရှိ–မရှိ သွေးဖောက်စစ်ဆေးခြင်းပြုလုပ်

**ရွှေကူ ဒီဇင်ဘာ ၉**

ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးမကျွေးမီ ဆင်ခြေထောက်ရောဂါပိုးရှိ-မရှိ သွေးဖောက်စစ်ဆေးခြင်းလုပ်ငန်းကို ဗဟို၊ ပြည်နယ်၊ မြို့နယ်ရောဂါပိုးသယ်ဆောင်ကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအဖွဲ့နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်တို့ပူးပေါင်း၍ ကချင်ပြည်နယ် ရွှေကူမြို့၌ ဒီဇင်ဘာ ၆ ရက် ည ၁၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က အမှတ်(၂) ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်မှ သံဃာတော်များ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် အချုပ်သား၊ အချုပ်သူများ၊ ဘောဂဗလရပ်ကွက်မှ ပြည်သူများ လူဦးရေ ၃၄၅ ဦးတို့ကို ဗဟို၊ ပြည်နယ်၊ မြို့နယ်၊ ရောဂါပိုးသယ်ဆောင်ကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအဖွဲ့ မြို့နယ်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနမှ ဆရာမများက ဆင်ခြေထောက်ရောဂါပိုးရှိ-မရှိ သွေးဖောက်စစ်ဆေးခြင်းများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဗန်းမော်ခရိုင်(ပြန်/ဆက်)**



# ဝေဆန်ကျေးရွာအုပ်စုတွင် မိုးစပါးစံကွက်ရိတ်သိမ်း

**ဖာပွန် ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဝေဆန်ကျေးရွာအုပ်စု တောင်သူ ဦးစိုင်းလှကြည်စိုက်ပျိုးသည့် မိုးစပါးဆင်းသုခ မျိုးသန့်ဖုံစိုက်ခင်းခြောက်ဧကခွဲတွင် စံကွက်အဖြစ်သတ်မှတ်ပြီး တစ်ဧကအထွက်နှုန်းမှန်ကန်စေရေးအတွက် ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းခဲ့ကြကြောင်းသိရသည်။

ဖာပွန်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၃၁၃၃၅ ဧကတွင် တစ်ဧကအထွက်နှုန်းမှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်စပါးများအား စိုက်ပျိုးနည်းစနစ်မှန်ကန်ရေးအတွက် တောင်သူများအား ပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

မိုးစပါးဆင်းသုခ မျိုးသန့်ဇုန်စိုက်ခင်းဧက ၅၀ မှ ဝေဆန်ကျေးရွာအုပ်စု တောင်သူဦးစိုင်းလှကြည်စိုက်ပျိုးသည့် ခြောက်ဧကခွဲစိုက်ခင်းတွင် စံကွက်အဖြစ်သတ်မှတ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစောလှကြည်၊ မြေစာရင်းဦးစီးဌာန ဒုခရိုင်မှူး ဦးဝင်းနိုင်စိုးတို့သည် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများနှင့်အတူ စုပေါင်းစံကွက်ရိတ်သိမ်းကြရာ တစ်ဧက ၆၈ ဒသမ ၅၇ တင်းထွက်ရှိကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

# အသိပညာဗဟုသုတတိုးပွားစေရေး စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

**ရှမ်းရွာသစ် ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရေး၊ အမှားအမှန်ကိုဝေဖန်ပိုင်းခြားတတ်စေရေး၊ နိုင်ငံသားကောင်း၊ သမီးကောင်းများဖြစ်လာစေရေးအတွက် ရည်ရွယ်၍ ရှမ်းရွာသစ်မြို့ အခြေခံပညာကျောင်းများတွင် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရှမ်းရွာသစ်မြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အေးအေးနွဲ့က ဟောပြောပြီး နံရံကပ်ဓာတ်ပုံပြပွဲနှင့် Mobile Library ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးနွဲ့(ပြန်/ဆက်)**

Luxury apartment for rent in Thanlyin Star City
သန်လျင်ကြယ်စင်အိမ်ရာအတွင်း အဆင့်မြင့်တိုက်ခန်းငှားရမ်းမည်။
အိပ်ခန်းတစ်ခန်းပါ/ အကျယ်အဝန်း ၆၂၂ စတုရန်းပေ/ ပရိဘောဂပစ္စည်းများပါဝင်ပြီး အဆင့်မြင့် ပြင်ဆင်ထားသော အသင့်နေတိုက်ခန်းဖြစ်ပါသည်။
ဆက်သွယ်ရန်ဖုန်း- ၀၉-၂၆၂၈၃၆၆၈၈ (အကျိုးဆောင်များ ဆက်သွယ်နိုင်ပါသည်။)

ခေတ်ရွှေဆောင်
၀၉ ၄၄၉၂၅၀၁၉၁၊ ၀၉ ၇၃၀၅၁၁၉၈
၀၁-၅၁၉၈၅၀၊ ၀၉ ၄၂၀၀၀၅၂၇၈
(၆၇/B)၊ သရက်တော(၅)လမ်း၊ ကြည့်မြင်တိုင်။
Dec 24, Jan 1
ဘန်ကောက်မြဲဘုရား၊ အယုဒ္ဓယ၊ ပတ္တရားကမ်းခြေ၊ ကန်ချနာပူရီ၊ ထားဝယ် Hotel ... ▲ မန္တလေးကျောက်စိမ်းဘုရား၊ မိုးကုတ်ဘုရားစုံ၊ ကင်းချောင်းရေတံခွန်၊ သမုတ်ရွှေဂူဘုရား

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/ဧရိတ်ပြီမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

ဦးဝင်းနိုင်[၁၂/မဂတ(နိုင်)၀၅၂၉၃၉] တိုက်(၂၀)၊
၃လွှာ၊ မြလမ်း၊ ကျိုက္ကဆံရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သိစေရန်

လူကြီးမင်းသည် Denko Trading Co.,Ltd ထံမှ စက်သုံးဆီများကို ကြိုတင်ရယူပြီး ရောင်းဖိုးငွေကို ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းပါမည်ဟု ကတိဝန်ခံချက်အရ ကုမ္ပဏီက လူကြီးမင်းအား စက်သုံးဆီများ ထုတ်ပေးခဲ့ပါသည်။

လူကြီးမင်းသည် ရောင်းချပြီး စက်သုံးဆီဖိုး-၁၅၄၇၅၅၀၀ိ/-(တစ်ရာ ငါးဆယ့်လေးသိန်းခုနစ်သောင်းငါးထောင့်ငါးရာကျပ်တိတိ)ကို ကုမ္ပဏီသို့ ၃၁-၁၂-၂၀၁၅ရက် နောက်ဆုံးထားပေးအပ်ရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**Denko Trading Co.,Ltd ၏လွှဲအပ်ချက်အရ-**
**ဦးဟန်ထူး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၇)**
**အခန်း-၂၀၃(A)၊ ဒုတိယထပ်၊ အမှတ်-၅၆၅/၅၆၇**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**လုပ်ငန်းအမှတ်တံဆိပ် သတိပေးကြေညာချက်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်သူ့လမ်း၊ အမှတ်(၁၀/ဈ) နေ ဒေါ်အေးအေးမွန်မြတ်[၁၂/မရက(နိုင်)၁၂၁၁၈၁]သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ပါသည်။

the 1ST CONTAINER
-BAR & GRILL-

၁၄၈၅၇ / ၂၀၁၅

အထက်ဖော်ပြပါ **"the 1St Container" - Bar & GRILL** လုပ်ငန်းအမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို အသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ ဒေါ်အေးအေးမွန်မြတ်မှ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၂၇၆/က)တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုလုပ်ငန်းလိုင်စင်အမှတ်(၀၀၀၄၇၄/၂၀၁၄)ဖြင့် ကွန်တိန်နာပုံးများကို အသုံးပြုဆောက်လုပ်ကာ ဂျပန်၊ ကိုရီးယား စားသောက်ဖွယ်ရာများ ရောင်းချမှုလုပ်ငန်းကို လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

သို့ပါ၍အဆိုပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍ဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း လေးနက်စွာသတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကျော်**
**LL.B.,B.A(Business Law).,C.B.L., DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၉)**
**အမှတ်(၁)၊ ဆူးလေဘုရားအဝိုင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph : 09 - 8610513, 09 - 250729155**
**Email : aungjyaw@gmail.com**

# ကျိုကုန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများတွက် လူနေအိမ်များ ဆောက်လုပ်မှု မကြာမီပြီးစီးမည်

**ကလေး ဒီဇင်ဘာ ၉**

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ရေဘေးပြန်လည်ထူထောင်ရေး လူနေအိမ်သစ် စုစုပေါင်း ၃၅၈ လုံး ဆောက်လုပ်ရန်လျာထားပြီး ကလေးမြို့နယ် ကျိုကုန်းကျေးရွာအတွက် ရေမျောပါပျက်စီးသွားသည့် ရေဘေးသင့် လူနေအိမ်သစ် ၆၅ လုံး ဆောက်လုပ်လျက်ရှိရာ မကြာမီ ဆောက်လုပ်မှုလုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လဆန်းပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု မကြုံစဖူး ကြီးမားစွာဖြစ်ပေါ်ကာ ကလေးမြို့နယ်အတွင်း၌ လယ်ယာမြေနှင့် အိုးအိမ်များ ကြီးမားသောပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ယခုအချိန်တွင် နိုင်ငံတော်၏စေတနာ၊ ပြည်သူများထဲမှ စေတနာအလှူရှင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့အစည်းများ၏ ထောက်ပံ့ကူညီမှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရွာသစ်ဖော်ထုတ်သည့်နေရာများတွင် ရေဘေးသင့်လူနေအိမ်သစ်များ ဆောက်လုပ်ပေးခြင်းလုပ်ငန်းများကို ယခုလအတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

# ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲ ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ရဲချို က စာအုပ်စာပေလှူမိတ်ဆွေခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူလေးများအား အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များ၊ အမျိုးသားနေ့အထိမ်းအမှတ်စာစောင်များ၊ ဆုရပန်းချီများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်အသိပညာပေးဘုတ်များအား စိတ်ဝင်တစားလေ့လာကြည့်ရှု မှတ်သားကြသည်။

အဆိုပါ ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲကို ပြုလုပ်ခြင်းအားဖြင့် ကျောင်းနေအရွယ် ကလေးသူငယ်များ ပြင်ပစာပေဗဟုသုတနှင့် ထိတွေ့ဆက်ဆံနိုင်ရန်နှင့် စာဖတ်သည့်အလေ့အထများ ပိုမိုရရှိစေရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ပြီး သုတ၊ ရသစာအုပ်ပေါင်း ၁၅၀ ကျော်ဖြင့် ခင်းကျင်းပြသခြင်းဖြစ်ကြောင်း၊ အမျိုးသားနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ညောင်ပင်ကြီးစုကျေးရွာတိုက်နယ်ဆေးရုံတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**ခင်ဦး ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ၂၀၁၄ ခုနှစ် အောက်တိုဘာလက စတင်ဆောက်လုပ်ခဲ့ရာ ဒီဇင်ဘာပထမပတ်တွင် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။

ယခုဆောက်လုပ်သော (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသည် အလျား ၁၉၉ ပေ၊ အနံ ပေ ၁၃၀၊ R.C တစ်ထပ်ဖြစ်ပြီး ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၂၂၉ သိန်းဖြင့်လည်းကောင်း၊ ဆရာဝန်နေအိမ်၊ ဝန်ထမ်းနေအိမ်၊ ရေစင်နှင့် အခြားအတွက် ငွေကျပ် ၃၅၃၉ သိန်းဖြင့်လည်းကောင်း စုစုပေါင်းငွေကျပ် ၅၇၆၈ သိန်းဖြင့် M.A.S ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်နယ်ဆေးရုံ ဆောက်လုပ်ပြီးစီးပါက ကျေးရွာပေါင်း ၄၆ ရွာမှ ပြည်သူ ၄၇၀၀ ကျော် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# တိုယိုတာမီးငြိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်

**ခင်ဦး ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မြင်းဒေါင်းစံပြကျေးရွာသို့ တိုယိုတာမီးငြိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်၊ မြို့နယ်လက်ထောက်မီးသတ်ဦးစီးမှူး ဦးရန်ပိုင်ဖြိုးတို့က မီးငြိမ်းသတ်ယာဉ်နှင့်အတူ ယာဉ်ပါပစ္စည်းစာရင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် ရပ်မိရပ်ဖဦးခင်မောင်သန်းတို့ထံသို့ စနစ်တကျ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ရိုးရာဂျပ်ခုတ်သင်တန်းနှင့် အခြေခံလက်သမားသင်တန်းဖွင့်



**လှိုင်ကော် ဒီဇင်ဘာ ၉**

ကယားပြည်နယ် လွိုင်ကော်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် Association of Volunteers in International Services Foundation တို့ ပူးပေါင်းဖွင့်လှစ်သည့် ရိုးရာဂျပ်ခုတ်သင်တန်းနှင့် အခြေခံလက်သမားသင်တန်းအမှတ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ကျင်းပရာ ကယားပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးသန်းကျော်စိုး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ် ဘဏ္ဍာရေးဝန်ကြီးဦးသန်းကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်သင်ကြားလျက်ရှိကာ သင်တန်းကာလမှာ တစ်လခွဲဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

အာ ၅ န ဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-8008
707062, 09-861-7770

ယာဉ်မောင်းအမြန်အလိုရှိသည်
ရုံးကားမောင်းရန် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
နေစားငြိမ်းစီစဉ်ပေးနိုင်သည်။
ဖုန်း ၀၉၅၁၁၃၁၀၄

တိုက်ခန်းရောင်းမည်
ဗဟန်းမြို့နယ်၊ ရန်ကင်းစင်တာအနီး၊ မင်းကြီးလမ်း၊ GF-18'x53'၊ ထပ်ခိုး 2/3
Ph, meter-2
Ph:09-5187014,09-254017252

UK's Top Computing Degree in Yangon
UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း
GUSTO INTERNATIONAL COLLEGE
၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
၃။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
၅။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီး လျှောက်ထားနိုင်ပါသည်။
* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည် *
မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 789 888 222, 09 862 8806, 01 504632

STI MYANMAR UNIVERSITY
University of Bedfordshire
STI MU နှင့် University of Bedfordshire (UK) တို့ပူးပေါင်း၍ဖွင့်လှစ်ပါသည်
Faculty of Engineering
- BEng (Hons) Civil Engineering
- BEng (Hons) Architectural Engineering
- BEng (Hons) Civil & Architectural Engineering
- BEng (Hons) Electronic Engineering
- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် GCE 'O' အောင်မြင်ပြီးသူများလျှောက်ထားနိုင်ပါသည်။
- သင်တန်းကာလ (၄)နှစ်ကြာမြင့်ပြီး အောင်မြင်ပါက အင်္ဂလန်နိုင်ငံ၏အထင်ကရ အစိုးရတက္ကသိုလ်ကြီးဖြစ်သည့် University of Bedfordshire မှ ဘွဲ့ရရှိပါမည်။
- HND အဆင့်မြင့်ဒီပလိုမာအောင်မြင်ပြီးသူများ နောက်ဆုံးနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။
သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။
- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)
ENROLL NOW
ဘွဲ့ကြိုသင်တန်းအားလုံးအတွက် သတ်မှတ် IELTS မရှိပါက STIMU တွင် အင်္ဂလိပ်စာသင်တန်းတက်ရောက်ရပါမည်။
